အဘိဓမ္မာပြန့်ပွါးရေးအသင်း ၏

ဩဝါဒါစရိယ

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းတောင်ရိုးဓမ္မနာဒဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

စီစဉ်ရေးသားသည့်

# အဘိဓမ္မာအခါတော်နေ့

# ကျူးရင့်သံများ

တတိယအကြိမ်

၁၁၃

အဘိဓမ္မာပြန့်ပွါးရေးအသင်း ၊ ရန်ကုန်မြို့ ၊ မှ ဓမ္မဒါနထုတ်ဝေသည်။

မောင်အေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)

၁၈၁၇၅

အဘိဓမ္မာ ပြန့်ပွားရေး အသင်း ၏

ဩဝါဒါစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ မင်းကွန်းတောင်ရိုးဓမ္မနာဒ ဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

စီစဉ်ရေးသားသည့်

# အဘိဓမ္မာ အခါတော်နေ့

## ကျူးရင့်သံများ ...

တတိယအကြိမ်

KYI THEIN

အဘိဓမ္မာ ပြန့်ပွားရေး အသင်း၊ ရန်ကုန်မြို့ မှ ဓမ္မဒါန ထုတ်ဝေသည် ......

**ထုတ်ဝေသူ** - ဦးသန်းတင် (အကျိုးဆောင်ချုပ်)
အဘိဓမ္မာပြန့်ပွားရေးအသင်း
ဆူးလေစေတီတော်ရင်ပြင်
ရန်ကုန်မြို့။
ထုတ်ဝေသူမှတ်ပုံတင် ကင်းလွတ်ခွင့်
အမှတ် (၇၀)
ဘာသာရေးဆိုင်ရာစာမူ ပုံနှိပ်ထုတ်ဝေခွင့်
အမှတ် (၂၇၉)
၁၈၁၅ ဖြ
မျက်နှာဖုံးခွင့်ပြုချက်အမှတ်(၁၉၃)

**ပုံနှိပ်သူ** - ဦးကြည် (မြဲ-၀၂၄၀၉)
ပညာ့ဗိမာန်ပုံနှိပ်တိုက်
အမှတ်-၄၁၊ ၄၄-လမ်း
ရန်ကုန်မြို့။

**အဖုံးရိုက်** - ပညာ့ဗိမာန်ပုံနှိပ်တိုက်

**ပုံနှိပ်ပြီးနေ့စွဲ** - ၁၉၇၅-ခု၊ ဩဂုတ်လ

**မျက်နှာဖုံးပန်းချီ** မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)


**ဘလောက်** - အဝင်း

**တန်ဖိုး** - **ဓမ္မဒါန**

**ပုံနှိပ်ခြင်း** - **တတိယအကြိမ်**

**အုပ်ရေ** - **၁၀၀၀၀**

(တတိယအကြိမ်)



**မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး**

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး၊

〈ဓာတ်ပုံ-အောင်ထွန်းနိုင်(ပြည်မြန်မာ) ၏ ဓမ္မဒါန〉

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အဘိဓမ္မာ

အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာသာသနာတော် ပြန့်ပွားရေးအတွက် ရွက်ဆောင်လျက်ရှိနေသော လုပ်ငန်းများတွင် သာသနာတော်ကြီးတရပ်လုံး၏ ကျက်သရေကို ဆောင်စေသည့် အထင်ရှားဆုံးသော ဆောင်ရွက်ချက် တဆင့်ထက်တဆင့်၊ တနှစ်ထက်တနှစ် တိုးလျက် တိုးလျက် အောင်မြင်ချက်ကောင်းနေသော ဆောင်ရွက်ချက်တခုမှာ အဘိဓမ္မာ အခါတော်နေ့ ကျင်းပ ပူဇော်ခြင်းပင် ဖြစ်ပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်းကို ၁၃၀၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ပြီး၊ တိုတည် ထောင်စ သုံးနှစ်သက်ရ လေးနှစ်ဝင်ခါစ နုနယ်သေးသောအခါကပင် ဤအဘိဓမ္မာအခါတော် နေ့ ကျင်းပပူဇော်ခြင်းကို အားသစ်ခဲ့ကြသည်။

အဘိဓမ္မာ တရားတော်များပြန့်ပွားရေးအတွက် နည်းလမ်းကောင်းများကို အကြောင်း အားလျော်စွာ ညီမူစည်းဝေးတိုင်ပင် နှီးနှောကြံဆကြရာ၌ ထိုစဉ်က အမှုဆောင် အစည်းအဝေး တခုတွင် အမှုဆောင်လူကြီး ဦးထွန်းတင် (ပညာရေးနှင့် ယဉ်ကျေးမှုဌာန ဝန်ကြီးဟောင်း) (ကွယ်လွန်)၏ အဘိဓမ္မာအခါတော်နေ့ သတ်မှတ်ပူဇော် ကျင်းပရေးအတွက် အကြံပေး တင်ပြ ချက်ကို လက်ခံခဲ့ကြပြီး၊ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများနှင့် ပထမဦး နာယကကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း (မဟာဝိဇ္ဇာ) တို့ထံမှ အဘိဓမ္မာအခါတော် နေ့ကို သတ်မှတ် ဆုံးဖြတ် ပေးတော်မူကြပါရန် ပန်ကြားခဲ့ရာ သီတင်းကျွတ်လပြည့်နေ့ကို **အဘိဓမ္မာ အခါတော်နေ့** ဟု သတ်မှတ်ရန် ဩဝါဒ ပေးတော်မူကြပါသည်။

ဤသို့ အဘိဓမ္မာအခါတော်နေ့ကို သတ်မှတ်ပေးကြ၍ တိတိကျကျ သိရှိကြရသော အခါ ၁၃၁၁-ခုနှစ် (၁၉၄၉-ခုနှစ်) သီတင်းကျွတ်လပြည့်နေ့ကပင် စတင်၍ ပထမအကြိမ် အဘိဓမ္မာ အခါတော်နေ့ ပူဇော်ပွဲကို ရန်ကုန်မြို့၊ ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာ ပြန့်ပွား ရေးအသင်းတိုက်၌ ကျင်းပခဲ့သည်။ ထိုစဉ်က အဘိဓမ္မာအခါတော်နေ့ မေး-ဖြေကို ယမိုက် ဆရာတော်ဟု ထင်ရှားသော ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ ဓမ္မဝိဟာရ ကျောင်းတိုက်ဆရာတော်က စီစဉ်ရေးသား ချီးမြှင့်ပေးတော်မူခဲ့သည်။

(တတိယအကြိမ်)

၁၃၁၃-ခုနှစ်(၁၉၅၁-ခုနှစ်)တတိယအကြိမ် အဘိဓမ္မာအခါတော်နေ့တွင် တိုစဉ်က အမှုဆောင်လူကြီး ဦးဘအုန်းက အဘိဓမ္မာအခါတော်နေ့တို့ မြန်မာနိုင်ငံတဝန်းလုံး တညီတညွတ်တည်း ကျင်းပပူဇော်ရေးကို အလေးထားဆောင်ရွက်သင့်ကြောင်းအကြံပေးခဲ့သဖြင့် လက်လှမ်းမှီရာ မြို့ရွာများသို့ အခါတော်နေ့ဆိုင်ရာ ပါဠိတော် စာရွက်စာတမ်းများကို တင်ပို့လှူဒါန်းတိုက်တွန်း ဆော်သြခဲ့ကြသည်။

၁၃၁၆-ခုနှစ် (၁၉၅၄-ခုနှစ်) ဆဋ္ဌမအကြိမ် အဘိဓမ္မာအခါတော်နေ့ကြီးကို ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ခမ်းနားသိုက်မြိုက်စည်ကားစွာ ကျင်းပခဲ့ရာတွင် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဦးဘဦးက အခမ်းအနားကို ဖွင့်လှစ်ပူဇော်ပေးခဲ့သည်။ ထိုနေ့ အခမ်းအနားတွင် ရွတ်ဆိုပူဇော်သော အဘိဓမ္မာအခါတော်နေ့ မေး-ဖြေကျူးရင့်သံများကို အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ သြဝါဒါစရိယ၊ ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ၊ မဟာတိပိဋကကောဝိဒဘွဲ့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတ အဘိဇဓမဟာရဋ္ဌဂုရု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင် (မဟာဒုဒ္ဓဝင် ကျမ်းပြုဆရာတော်) အရှင်ဝိစိတ္တ သာရာဘိဝံသ မဟာထေရ်မြတ်က ရေးသားချီးမြှင့် ပေးသနားတော်မူခဲ့ပါသည်။ ထိုစဉ်အခါကစ၍ ယနေ့အထိ သြဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဇဓမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီး၏ အဘိဓမ္မာအခါတော်နေ့ မေး-ဖြေကျူးရင့်သံများကို အတည်ပြုထားကြ၍ အဘိဓမ္မာအခါတော်နေ့တိုင်းတွင် ရွတ်ဆို ပူဇော်ခဲ့ကြရသည်။

အဆိုပါ အဘိဓမ္မာအခါတော်နေ့ မေး-ဖြေကျူးရင့်သံများကို အခါတော်နေ့စာစောင်တွင် အခါအားလျော်စွာ ထည့်သွင်းပုံနှိပ်ဖြန့်ချီခဲ့ရာမှ မြို့နယ်အသီးသီးရှိ အဘိဓမ္မာအသင်းများ၏ တောင်းဆိုချက်အရ သီးခြားစာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချီအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
အဘိဓမ္မာပြန့်ပွားရေးအသင်း
ရန်ကုန်မြို့။

၁၃၄၇-ခု၊ ဒုတိယဝါဆိုလ။

**(တတိယအကြိမ်)**

သီတင်းကျွတ်လပြည့်

# အဘိဓမ္မာအခါတော်နေ့

## အစီအစဉ်

~~~~~~~~~~~


**အဘိဓမ္မာ အခါတော်အကြောင်း လျှောက်တင်သံ** .... ၆

၁။ အဘိဓမ္မာအခါတော်နေ့ အခမ်းအနား ဖွင့်လှစ်ရန်။

၂။ အခမ်းအနားဖွင့်စဉ် မြော်,ချင်,ပဏာ ကန်တော့လွှာဖြင့် ကန်တော့ရန်။ .... ၉

၃။ နတ်ပြဟ္မာများကို ပင့်ဖိတ်ရန်။ .... ၁၀

၄။ သီလ ခံယူရန်။

၅။ အဘိဓမ္မာအခါတော်နေ့ သတ်မှတ်ကြောင်း မြွက်ကြားရန်။

၆။ အဘိဓမ္မာအခါတော်နေ့ အမေး,အဖြေ,,ကျူးရင့်သံများနှင့် အဘိဓမ္မာ ပါဠိတော်များ ရွတ်ဖတ်ပူဇော်ရန်။ .... ၁၁

၇။ ရေစက်သွန်းချ အကျိုးစာတမ်း။ .... ၂၇

၈။ ဆုတောင်းမင်္ဂလာ အမျှဝေမှု အောင်သာဓု။ .... ၂၈

၉။ နတ်များပို့ရန်။ .... ၂၉


3 B

(တတိယအကြိမ်)
~~~~~~~~~~~

## အဘိဓမ္မာအခါတော်အကြောင်း

# လျှောက်တင်သံ

၁။ ဘုန်းတော်တောက်ပွား၊ ခြောက်ပါးရောင်စုံ၊
ရွှေညာဏ်တော်စွမ်း၊ အံ့ခန်းဖုံဖုံ၊
တန်ခိုးတော်ကြီး၊ ရေမီးစုံစုံ၊
ပြလေငြား၊ မြတ်ဖျားစိန္တေဂုဏ်။

၂။ သာဝတ္ထိတိုင်း၊ သမိုင်းပြည်သာ၊
ဥယျာဉ်တော်တွင်း၊ မြိုင်မင်းရိပ်ဝါ၊
သရက်ဖြူရင်း၊ ထင်လင်းသေချာ၊
မိစ္ဆာမျိုး၊ ညွှတ်လျှိုးလာစိမ့်ငှါ။

၃။ ကောင်းကင်ထက်နန်း၊ စက်ပန်းတန့်လျှို၊
အောင်ဘိသေပန်း၊ ထက်ဝန်းဖြန့်ပုံ၊
ဖိတ်ဖိတ်လက်လက်၊ ကွန့်ထွက်လျှံဂုဏ်၊
မိုးနယ်လုံး၊ အုပ်ဖုံးရောင်ခြည်စုံ။

၄။ ဥက္ကာလျှံလူး၊ ပျံ့ကူးယှက်ခြုံ၊
လျှပ်နွယ်သွယ်ညီး၊ ကြယ်မီးသို့ပုံ၊
ရေ-မြေ့နရက် ဘဝင်ဘုံကုန်၊
မိစ္ဆာမျိုး၊ ဖျက်ချိုးပြာငွေ့စုံ။

**အဘိဓမ္မာ** - ဒေသနာ၏ နိဒါန်းစွာကြောင်းထွေ သန္တိကေတည့် သရေလျှံညီ သာဝတ္ထိဟု ပြည်ကြီးတန်ဆာ ဥယျာဉ်သာဝယ် ခက်ဖြာပင်စည် ရင်းဖျားလည်သား ရှုကြည်နွဲ့လူ သရက်ဖြူ တည့် ပင်မူအရင်း မိစ္ဆာသင်းကို မယွင်းပယ်အင် ရွှေဘုန်းထင်တည့် များဖြင်ဗိုလ်ထု ကျွတ်တန်း လုလျက် ပယ်ပြုမိစ္ဆာ သီးသီးကွာဖြင့် ခေမာမြိုက်ပန်း ပန်ဆင်မြန်း၍ အံ့ခန်းပြင်ပြင် ပွဲကြီးယင်သည်....**ရောင်ရှင်အချက် ပိုင်ပေသတည်း**။

(တတိယအကြိမ်)

၁။ မိစ္ဆာတသင်း၊ ပယ်ရှင်းစေ၄ါ၊
တန်ခိုးတော်သီး၊ ရေ,မီးဖြာဖြာ၊
ရှင်တော်ရွှေဘုန်း၊ ပြဆုံးလေရာ၊
ထက်ကြွင့်နှန်း၊ စက်ပန်း,ချီတဲ့ခါ။

၂။ ခုနစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိတ္တေ၊
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတိံ နန်း၊ ကြွမြန်းလာတဲ့ချေ။

၃။ မြင်းမိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက်တည်သောခါ။

၄။ မယ်တော်နတ်မှူး၊ မြတ်ဦးထင်စွာ၊
နတ်ပြဟ္မာပေါင်း၊ ခ,ညောင်းယူနာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တ ဘိဓမ္မာ။

**အဘိဓမ္မာ**-ဒေသနာကို ခုနစ်ဝါမြောက် ရွှေဘုန်းတောက်ဝယ် ကွန်းထောက်လှည့်လည် ထက်နတ်ပြည်၌ ဂုဏ်ရည်ထူးစွာ မိ,မာယာတည့် ရှေးခါဖြစ်ဖူး နတ်အထူးကို မြတ်မှူးပြုကာ နတ်ပြဟ္မာအား သတ္တာဘိဓမ္မ တရားလှကို ဟောပြယခင် ကျေးဇူးထင်တည့် လေးသချေ်နှင့် တသိန်းချင့်လျှင် ရှည်မြင့်ကမ္ဘာ ဆည်းပူးပါမှ ရစ္စာဉာဏ်ထောက် ချိန်တန်ပေါက်၍ ချီးမြှောက်နှံ့ဆင် ဟောမိန့်ကျင်သည်....**နောင်တွင်အဆက် ခိုင်စေသတည်း**။

၁။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ္မိတပွား၊ ဘုရားကြွလာ၊
လကျ်ာဂုံဘိ၊ သာရိပုတ္တာ၊
တဆင့်ဟော၊ မြင့်မော ဘိဓမ္မာ။

၂။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ်ဘိဓမ္မာ။

၃။ လင်းနို့ဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြုံပြီ၊
ကျူးရင့်သံလွှတ်၊ ဝါကျွတ်အမီ၊
ပြီးအဆုံး၊ နိဂုံးပြုိင်ခဲ့သည်။

၄။ သို့လျှင်နေ့ထူး၊ ကြုံဖူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွှတ်၊ ဆိုရွတ် ဘိဓမ္မာ။

**အဘိဓမ္မာ** - ဒေသနာသည် ရောင်ဝါထွန်းလျက် စဉ်အဆက်ဖြင့် မပျက်ဆင့်ပွား နှံ့စေသားဟု စိတ်ထားဇောမြတ် သောမနသ်ဖြင့် ဟော,မှတ်,နာ,ယူ စာပွဲမှုတည့် စိတ်တူပွားစီး သင်းတော်ကြီးမှ ခိုင်ဖြိုးလုံ့လ ဥဿာဟဖြင့် ဓမ္မသဘင် ပွဲကြီးယင်တည့် မြတ်ရှင်ဇိနော် စိန္တေယျော်ကို ပူဇော်ယုံ့ယုံ့ တုပ်ဝပ်ကျုံ့လျက် ပြန်တုံ့ကျေးဇူး ကော်ရော်မြူး၏ အထူးလျှောက်တင် ဆုပန်ဆင်သည်....**အောင်ခွင်ဘဝဂ် တိုင်စေသတည်း။**

(တတိယအကြိမ်)

အခမ်းအနားဖွင့်စဉ်

# မြော့်ချင့်ပလာဟန်တော့လွှာ

တိဒသမှိ ယထာ ဌာယီ၊ ဆဗ္ဗဏ္ဏောဟိ သုမင်္ဂလီ၊
ဇွာဒံ မဋေ တထာ ကန္တိ၊ သံသုဒ္ဓ ဗုဒ္ဓကေသရိ။

သံသုဒ္ဓ ဗုဒ္ဓကေသရီ=လွန်စွာရစ်ထွေး အပြစ်လေးလှသော အညစ်အကြေးဟူသမျှတို့ကို မြူမျှမကျန်ကြွင်းရအောင် သန့်ရှင်း သုတ်သင်တော်မူနိုင်သဖြင့် ပိုင်ပိုင်ယူကျုံး အဖြူဆုံး တုမနှုန်း ကဲလွန် ဟေမဝန်ရဂုံမြို့၌ စုံမချိုမာန်အဟုန်တို့ဖြင့် ရန်သူပုန် ဝင်ဝှေ့မညှဉ်းနိုင်သည့် ခြင်္သေ့မင်းကေသရီနှင့် သွေတညီပမာကားရသည့် ဘုရားကိုယ်တော်မြတ်သည်။ ဆဗ္ဗဏ္ဏောဟိ= ညိုတတန့် ဝါတလီ ဖြူအနီ ညိုးမပျက်ပဲ ပြိုးပြိုးပြက်မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံလှည့်လည် မြူးကွန့်စည်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်။ သုမင်္ဂလီ= ရောင်ငှညီးညီး ရွှေတောင်ကြီးကို ရွှေဆည်းဆာရောင် ပြောင်ပြောင်ဝန်းသွယ် လျှပ်ပန်းစုံ ခြယ်သကဲ့သို့ တင့်တယ်တော်မူလှသော ရူပကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှုရန်မဝံ့အောင် တလွန့်လွန့်တရှိန်ရှိန် တထိန်ထိန် တလက်လက်ဖြင့် ပေါင်းယှက်သန့်စင် ကောင်းစွာ တန်ဆာဆင်တော်မူလျက်။ တိဒသမှိ= သိကြားစံရာ ဝတိံသာအတွင်း ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထားသည့်နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌။ ဌာယီယထာ=နတ်ဗြဟ္မာတို့၏ကျက်သရေကို ပျက်ကြွေအောင်နှိမ်နင်းသို့ ထွန်းလင်းသော အသရေဖြင့် ဇလန္ဒြေခိုင်ကြည်လျက် တည်နေတော်မူသည့် အလားသို့။ ဇွာဒံ–ဗုဒ္ဓဗိမ္ဗံ= သိကြားစံရာ ဝေဇယန်သို့ ပုံဟန်စံသွင်း စိမ်ကျင်းသည့် ဤ ဓမ္မသဘင် ခန်းမကြီးအတွင်း၌ တဝင်းဝင်းတလက်လက် ရောင်မျိုးစုံ ရောယှက်သဖြင့် နှစ်သက်ဖွယ်ဆို ကြည်ညိုဖွယ်ထင်ရှားဘုရားမြတ် ကိုယ်တော်စား ဤရုပ်ရှင်တော်မြတ်ဘုရားကို။ ကန္တိ=ရွှင်မော ရွှင်ပျ ကုသိုလ်ဟုန်ဇောကြွသဖြင့် သောမနပီတိ စိရရှိရှိကြား ဘုရားတပည့်များသည်။ တထာ ထိုရောင်ခြောက်သွယ် ဝန်းလှည့်လျက် ရွှန်းအိအိ သိရ်သမ္ဘာနှင့် ဝတိံမှာ ဘိဓမ္မာဟောပါသည့် မြတ်ရှင်စော ပမာသွင်လို။ မဋေ–ဟိုအခါ ထင်ရှားရှိခဲ့သည့် အရှင်ဘုရား၏ သဏ္ဌာန်တော်ဟု အမှန်မျှော်ခါ အစဉ်တွေးတွေးပြီး ထင်တရေးရေး ရှိရပါတော့သည်ဘုရား။

---



(တတိယအကြိမ်)

## အဘိဓမ္မာအခါတော်နေ့ အခမ်းအနားတွင်

# သမ္မာဒေဝ နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း

**သုဒုလ္လဘတရော ဒါနိ၊ ဝိမှယော ဘော သမုဋ္ဌိတိ။**

**အဘိဓမ္မဒိနေ ဘာတိ၊ သာဝုမနော နုရဥ္ဇနိ။**

ဘော- အဘိဓမ္မာ အခါတော်နေ့ ကြိုက်ကြုံတွေ့က ချမ်းမြေ့နှလုံး ကြည်ရွှင်ပြုံးဖြင့် ဇုရုံးရောက်မည် စိတ်စောရည်လျက် ကြားသည်ဖိတ်မန် ပန်လျှောက်သံကို နာခံမြော်ညောင်း အိုနတ်ဗြဟ္မာအပေါင်းတို့။ ဒါနိ-ဣဒါနိ *( )ကြိမ် ပြက္ခဒိန်ဖြင့် အချိန်ရောက်လာ ခုအခါ၌။ သုဒုလ္လဘတရော အလွန်တရာ ကြုံရခဲစွာသော, ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောနှင့် ကြုံသောကာလ သာသနာ့အချိန်အခါကို ကြိမ်လာတွေ့မှ ရခဲရ၍ အလွန်တရာရခဲလှသော။ ဝိမှယော=ခက်ခဲ သဘော နက်နဲသောနှင့် ဟုတ်သောမှန်သော ရှင်ပင်ဟောမှ သိသောအရာ လွန်စွာသိမ်မွေ့ ပက တေ့သဘော စပ်ယှဉ်နွှော၍ အံ့သြဖွယ်လည်း ကောင်းပေထသော။ ဝိမှယော=ကမ္ဘာတိုင်းလဲ မကြုံ အခါတိုင်းလဲမဆုံ သတ္တဝါကိုင်းလဲမထုံမို့ လုံးစုံပြန့်ပြော အံ့သြဖွယ်လည်း ကောင်းပေထ သော။ အဘိဓမ္မဒိနေ သဘာဝကျုံးမြှုံ အလုံးစုံကို ဖုံဖုံခွဲထား ပိုင်းဖြတ်ခြားဖြင့် ဘုရားဇိနေ် ဟောမိန့်ဖေါ်သည့် ဒေသနာဉက္ကဌ် အဘိဓမ္မာတရားမြတ်ကို ဟောအပ်ခဲ့ရာ ချိန်အခါနှင့် တူစွာ တူပြီး **အဘိဓမ္မာအခါတော်နေ့ကြီး**သည်။ သမုဋ္ဌိတိ တကြိမ်စေ့ရောက် တကြိမ်မြောက်ဖြင့် ပေါ် ပေါက်ဖြစ်ထွန်းခဲ့ပါပြီ။ သာဝုမနောနုရဥ္ဇနိ=သူတော်စင့်စိတ်နှလုံးကို ယူကျုံးနှစ်ခြိုက် တိုက်ရိုက် ဖြစ်စေနိုင်လေ့ရှိသော။ အဘိဓမ္မဒိနေ အဘိဓမ္မာဒေသနာကို သေချာပြီးအပ် နိဂုံးသတ်သည့် အမြတ်ထင်ရှား **အဘိဓမ္မာအခါတော်နေ့ကြီး**သည်ကား။ ဘာတိ=လူ့ပြည်လောက လူ့ဌာနဉ် ဓမ္မနက်ခေါင် တရားရောင်ဖြင့် ပြောင်ပြောင်ဝင်းပင်း ထွန်းလင်းတောက်ပ၍နေပါသည်တကား။

**သဒ္ဓမ္မာစာရ ဒေဝါနံ၊ နိမန္တေမ သ,ဂါရဝါ။**

**မောဒမာနာ အာဂစ္ဆန္တု၊ သုဏန္တု ဓမ္မမုတ္တမံ။**

သဒ္ဓမ္မာစာရဒေဝါနံ=သူတော်စင်များ ကျင့်ကြံပွားသည့် တရားနက်ခေါင် မှိုက်လက်ဆောင် ကို အန်ထောင်နိစ္စ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ဗြဟ္မာတို့အား။ သ,ဂါရဝါ=သူတော် ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရှိသေခြင်းရှိကြပါကုန်လျက်။ နိမန္တေမ=ဘောဇဉ်မှိုက်ခဲ ဓမ္မပွဲကို လက်တွဲရွှင်ပြုံး တူနှလုံးဖြင့် သုံးဆောင်လိုပါ စိတ်စောစွာ၍ မှာတော်စာသား ဂါထာပါးလျက် ဖိတ်ကြားနိမန် ကြပါကုန် ၏။ မောဒမာနာ=ဓမ္မမိတ်ဆွေ တို့တတွေကို ဖိတ်ပေကုန်၏ ဂွမ်းဆီထိသို့ ပီတိရွှမ်းစို နှစ်လို ဝမ်း မြောက်ကြကုန်သည်ဖြစ်၍။ အာဂစ္ဆန္တု=ဓမ္မစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနေကြ ဉ်ဒေသသို့ တေဇတက်ဖြိုး စက်တန်ခိုးဖြင့် ထက်မိုးဝဠာ သောင်းစကြာမှ ဆောစွာခဏ လာ ရောက်တော်မူကြစေကုန်သတည်း။ ဥတ္တမံ=သုတ္တန်လာ အရှိဓမ္မတို့ထက် အမိကကဲချွန် သာလွန် မြင့်မြတ်ပေထသော။ ဓမ္မံ=ဓမ္မသင်္ဂဏီမှစ ပဋ္ဌာန်းကျအောင် ဂမ္ဘီရဂမ္ဘီရာ အဘိဓမ္မာတရားရတနာ ကို။ သုဏန္တု=သမ္ပဇဉ်သတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတပါး စိတ်မသွားပဲ ထောင်နားစိုက်တော်မူကြပါစေကုန်သတည်း။

* ( )ရန်ကုန်မြို့။ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးမှ သတ်မှတ်သောအကြိမ်ကို ထည့်သွင်းရွတ်ဆိုပါရန်။

အသင်းကြီး၏ ဩဝါဒါစရိယ၊ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု

# အရှင်ဝိစိတ္တသာရာဘိဝံသ

ရေးသားစီရင်သည့်

# အဘိဓမ္မာအဓိပ္ပါယ်တော်ကျူးရင့်သံများ

သိဒ္ဓိရတ္ထု။

## ဘုရားနေမင်း

၁။ ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဝ ဓမ္မာနံ၊ နာမမတ္တံ န နာယရေ။

ဘောနွော=အဘိဓမ္မာ ဒေသနာကို သဒ္ဒါထွတ်မြတ် ရိုညွှတ်ပြတ်၍ ရွတ်ဖတ်ကြည်ဖြူ နာမည်ဟူ၍ ညီမူဘိတောင်း အိုသူတော်ကောင်းတို့။ဣမ=မေတ္တွားရှင့်နောင် မြတ်ဘုန်းခေါင်၏ ရွှေတောင်နန်းမြေ ကျွတ်ဆုဝေသား ဇေယျာခြိမ့်သဲ ဤအောင်ပွဲကို ကြုံခဲ ကြုံရ ခုလောကဌ်။ ဗုဒ္ဓါဒိစ္စေ=အကာယ်၍မျှား ဘုရားနေမင်း သုံးလူ့သနင်းသည်။အနုပ္ပန္နေ=သဗ္ဗညုတ ဉာဏဗွေချက် ရွှေတောင်ထက်မှ မထွက်မပြူ ဥဒည်မမူခဲ့သည့်ရှိသော်။ ဗုဒ္ဓစန္ဒေ=အကယ်၍မျှား ဘုရားရှင်ဟူ ရောင်ဖြူပထွန်း လပြည့်ဝန်းသည်။ အနုဂ္ဂတေ=သဗ္ဗညုတ ဉာဏဗွေချက် ရွှေတောင်ထက်မှ မထွက် မပြူ ဥဒည်မမူခဲ့သည်ရှိသော်။ တေသံ သဘာဝ ဓမ္မာနံ=အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏခြင်းရာ တူမောစွာသား ခန္ဓာငါးပါး ထိုသင်္ခတ တရားတို့၏။ နာမမတ္တံ=မင်္ဂတိုင်ဖိုလ်နား သိဘို့ထား၍ ဤကားရုပ်မှန် ဤကားနာမ်ဟု ခေါ်ရန်မတ္တ အမည်မျှကိုပင်လျှင်။ နနာယရေ=တစုံတယောက် ဉာဏ်ရည်မြောက်၍ ထွင်းဖောက်ပိုင်ပိုင် သိနိုင်ကြမည်မဟုတ်ပေ။ ဝါ - နနာယရေ=အဘိဓမ္မာ ဒေသနာကို မြတ်စွာရှင်စော ကယ်မဟောက သူရောကိုယ်ပါ ငါးခန္ဓာကို ဆံမြူလွှာ တစိတစိုး လောက်မျှ အဝိဇ္ဇာ လွှမ်းဖိမိုးသဖြင့် မသိနိုင်ရိုးကောန် မမြင်နိုင်ရိုး မှန်လှကုန်သည် သာတည်း။

၂။ အဒ္ဓါလဒ္ဓါ ဓမ္မာလောကံ၊ ဒိဋ္ဌာ ပတ္တာ ဉာတာ သစ္စံ။
တိဏ္ဏာ ရာဂါ ဒေါသာ မောဟာ၊ ထောမေသုံ တေ ဒေဝဖြဟ္မာ။

ဗုဒ္ဓါဒိစ္စသာ=ယခုမှာကား ဘုရားနေမင်း သုံးလူ့သနင်း၏။ ဓမ္မာလောကံ=အဘိဓမ္မာ ဒေသနာ တန်ဆောင် တရားတည်းဟူသော အလင်းရောင်ကို။ အဒ္ဓါ=မချွတ်ကေန် အမှန်မုချ အားဖြင့်။ လဒ္ဓါ=ရှေးကုသိုလ်ထောက်မ၍ လောက်ကြည်ဖြူ အရယူမိကြသောကြောင့် လည်းကောင်း။ သစ္စံ=မြတ်သာမုက္ခံ ဟောထုတ်ပြန်သား အမှန်လေးချက် သဘောနက်ကို။ဒိဋ္ဌာ ပဋိ

ဖြင့်။ လောကော=သတ္တလောကကြီးသည်။ ပဘာသတေ=ဤကားရုပ်နာမ် ဤနိဗ္ဗာန်တည့် ဤဟန်ပြုသင့် မပြုသင့်ဟု နှိုင်းချင့်မြော်ထောက် အလင်းပေါက်အောင် တွင်းဖေါက်ထင်ထင် သိမြင်နိုင်ပါပေ၏။ သာဓမ္မုက္ကာ=ထိုအဘိဓမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော မီးရှူးတန်ဆောင်ကြီးကို။ တိလောကေ ကဂ္ဂနာထေန=လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှန်းပြိုင်အပ်သူ ထွက်မပြူသား တဆူတည်းသော ကိုးကွယ်ရာ မြတ်စွာထွတ်ထား ရှင်တော်ဘုရားသည်။ သက္ကာလယိန္ဒ ခီလတော=မြင်းမိုရ်ဂိရိပ် အကျည်ထိပ်ဝယ် ဒေဝိဿရ သိကြားစံရာ ဝတီံသာဟု သိင်္ဂါလျှံပြိုင် မီးရှူးတိုင်ကြီးမှ။ ဥဿိဘာဝတ=ခြည်လျှံထိန်တောက် စိုက်ဆောက်အပ်ခဲ့လေပြီ တကား။ ဝါ – ဥဿိဘာဝတ=နိဗ္ဗူကွန်းထောက် ကိုယ်တော်ဆောက်လည်း မပျောက်မျက်ခြေ လိုက်ကုန်ဇစေဟု ဝတီံမြေ ကျောက်ဘိုင်ဦးဆီမှ ဘိဓမ္မာ မြိုက်ခေါင်မှူးသည် မြတ်မီးရှူး စိုက်ထောင်အပ်ခဲ့လေပြီ တကား။

## ၂။ အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊ အဟော နော သတ္ထုသမ္ပဒါ။ ပဘာဝံ ယေသ မာလမ္မ၊ အလတ္ထံ ဤဒိသံမုတိံ။

ဘောန္တော= အိုဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့.... ယေသံ=အကြင် ဘုရားဇိနော် စိန္တေယျော်တို့၏။ ပဘာဝံ=နိဗ္ဗူတံခါး ပွင့်စေသားဟု တရားစည်ကြီး သောင်းတိုက်ဟီးအောင် ရိုက်တီးနှိုးဆော် တန်ခိုးတော်ကို။ အာလမ္မ=အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ=အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့၏။ ပဘာဝံ=ရှင်ရှင်လူလူ ကျင့်ကြံသူကို နိဗ္ဗူရမူ ကျေးဇူးပြုသား နုဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္မ=အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့် လည်းကောင်း။ ယေသံ အကြင် မိဘမိတ်ကောင်းဆရာကောင်းတို့၏။ ပဘာဝံ=သို့မကျင့်ကောင်း သို့ကျင့်ကောင်းဟု ဖျောင်းဖြပ့်ပြင်သွန်သင်သမူ ကျေးဇူးပြုသား နုဘော်ဖြိုးဟုန် တန်ခိုးဂုဏ်ကို။ အာလမ္မ=အမှီတံကဲ သဟဲတခု အစွဲပြုရသောကြောင့်လည်းကောင်း။ ဤဒိသံမုတိံ=ဤကား ရုပ်မှန် ဤကား နာမ်တည့် ဤဟန်ကျင့်ဆောင် ဤသို့ရှောင်၍ ဤကောင်ကိုကွင်း ဤသောင်ချဉ်းဟု လင်းသင်းသိထင် အဘိဓမ္မာ ဉာဏ်အမြင်ကို။ အလတ္ထံ=ပုဗ္ဗေကတ ပုညသတ္တိ စက်ကောင်းမိ၍ ရရှိပိုင်ဆိုင်ခဲ့လေပြီ။ နော အကျွန်ုပ်တို့၏။ တေဗုဒ္ဓါ=ထိုဘုရားဇိနော် စိန္တေယျော်တို့သည်။ အဟော သံသရာနက်ဝှမ်း တဘက်ကမ်းသို့ တက်လှမ်းနိုင်ရေး နည်းမှန်ပေးသဖြင့် ကျေးဇူးကြီးကျယ် ဩော်....ဆပ်၍မကုန်နိုင်ဖွယ်ပါတကား။ တေဓမ္မာ=ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့သည်။ အဟော=အာရုံဖြန့်ပိုင်း ဉာဏ်ကသိုဏ်းဖြင့် ကြံတိုင်းကြည်နူး သဒ္ဒါဟုန်မြူးစေသဖြင့် ကျေးဇူးကြီးကျယ် ဩော်....ဆပ်၍ မကုန်နိုင်ဖွယ်ပါတကား။ သာသတ္ထုသမ္ပဒါ ထို မိဘ မိတ်ကောင်း ဆရာကောင်းတို့ကို ခညောင်းခိုလှူ ဆရာ၏ပြည့်စုံခြင်းသည်လည်း။ အဟော ဩော်.... ဝမ်းမြောက်ဖွယ်ကြီးပါ တကား။ ဝါ – အဟော=ဘုရားအစစ်ကို ကိုးကွယ် တရားအစစ်ကို

7

(တတိယအကြိမ်)

ဆင်စလွယ် ဆရာကောင်းကို မှီတွယ်သည့် ဤနွယ်ဘ၀ ဒုလ္လဘကို အရတော်လတ် ရကျိုးနပ်သဖြင့် ကောင်းမြတ်တင့်တယ် ပြော်....၀မ်းမြောက်ဖွယ်ကြီးပါတကား။

**၃။ ဗုဒ္ဓါလောကာ လောကေ လောကေ၊ ဇာတော သတ္တော ကော နုမ္မတ္တော။**
**သုဒ္ဓံ ဗုဒ္ဓံ ဩဃာတိဏ္ဏံ၊ သဒ္ဓါပညော ကော နော ပူဇေ။**

ဗုဒ္ဓါလောကာ လောကေ=ဘုရားဘုန်းခေါင် အဘိဓမ္မာ တရားရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းပ၍ နေပေထသော။လောကေ=အဘိဓမ္မာ မြိုက်ရွှေစာတို့ ကြေငြာခြိမ့်သဲ ဤကမ္ဘာလောကကြီးထဲ၌။ ဇာတော=မဟာကုသိုလ် ပစ္စည်းကြို၍ တစ်ဆိုစလောက် ဖြစ်မြောက်ကြီးပွား၍ နေရပါသော။ကောသတ္တော=ဘယ်နတ်ဘယ်လူ ဘယ်သတ္တ၀ါ ဟူဟူသမျှသည်။အနုမ္မတ္တော=သည်းခြေချောက်ချား မဖေါက်ပြားသူ ဖြစ်ပါမူကား။ သဒ္ဓေါ=မစ္ဆေရစ်မှေး အညစ်အကြေးမှ ကင်းဝေးစင်ကွာ သဒ္ဓါတရားရှိသူဖြစ်ပါမူကား။ပညော=အသိအလိမ္မာ ပညာဓာတ်ခံ ထက်သန်သည့်သူ ဖြစ်ပါမူကား။ သုဒ္ဓံ=ဝါသနာအငွေ့အသက်နှင့်တကွ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင် စင်ကြယ်တော်မူထသော။ ဩဃာတိဏ္ဏံ=ဩဃလေးခန်း ရေပြင်ကြမ်းမှ ဘက်ကမ်းတိုင်ရောက် ကူးမြောက်တော်မူပြီးထသော။ ဗုဒ္ဓံ=သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာဘုရားကို။ နောပူဇေ=အဘယ်မှာလျှင် သဒ္ဓါကော်ရော် မပူဇော်ပဲ ရှိပါအံ့နည်း။ပူဇယတိဝေ=အာမိသ,ဓမ္မ နှစ်ဌာနဖြင့် ကြည်ဆုကော်ရော် စိန္တေယျော်ကို ဂုဏ်ဂုဏ်တော်လျှပ်လျှပ်ဖြိုးသော်ကြောင့် စေတနာထပ်ထပ်တိုးပြီးလျှင် အမြတ်တနိုးပူဇော်အံ့သည်သာတည်း။

## အဘိဓမ္မာဟောရင်

**၁။ အဘိဓမ္မာ ဘိဓမ္မာတိ၊ ယသော ဟိ ယဿဥဂ္ဂတော။**
**ဒေသော ကေန ကဒါ ကတ္ထ၊ ဒေသိတော ဓမ္မမုတ္တမော။**

ဟိ=မင်္ဂလာထုတိ တခန်းပြီး၍ အဘိဓမ္မာ ဒေသနာကို ဟောရာဒေသ ဒေသကနှင့် ကာလဟောပုံ ကျမ်းတိုင်းစုံအောင် သင့်ရုံသံခိပ် အကျဉ်းစိတ်မျှ ခြည်ရိပ်သိစေ မေး၍ဖြေအံ့။ ယဿ=အကြင် အဘိဓမ္မာ ဒေသနာဥက္ကဋ္ဌ တရားတော်မြတ်၏။ အဘိဓမ္မာ ဘိဓမ္မာတိ=အဘိဓမ္မာ ဘိဓမ္မာဟု သူငါဦးညိတ် နှုတ်မဆိတ်အောင်။ ယသော=ကောင်းတင်းခြိမ့်ညံ ကျော်စောသံသည်။ ဥဂ္ဂတော=ဇာတိခေတ်ပေါင်း တိုက်တသောင်းဝယ် ရိုက်ညောင်းတုန်လျက် ဘုံဘဝဂ်တိုင် ပြန့်တက်ထင်ရှား ကျော်ကြားလှပါပေ၏။ ဒေသော ဓမ္မမုတ္တမော=ထိုအဘိဓမ္မာ ဒေသနာ ဥက္ကဋ္ဌ တရားတော်မြတ်ကို။ ကေန=ဒေသကခေါ်ဆို အဘယ်ပုဂ္ဂိုလ်သည်။ ကဒါ=အဘယ်သက္ကရာဇ် ဘယ်နှစ်ဝေါဟာ ဘယ်အခါ၌။ ကတ္ထ=ဖြဟ္မာလူနတ် ဘယ်အရပ်၌။ ဒေသိတော=ဟောကြားအပ်ပါသနည်း။ ဝါ - ဒေသိတော=ဝိစိကိစ္ဆာ ကင်္ခါမှေးထူ ကေစိလူတို့ မှတ်ယူစေလစ် ဖြေခွန်းလှစ်ပ ဘယ်နှစ်ကာလ ဘယ်ဒေသဝယ် ဒေသကခေါ်ဆို ဘယ်ပုဂ္ဂိုလ်သည် အဘယ်ကို ရစေသားဟူ၍ အဘိဓမ္မာ မြိုက်ရေ တရားကို ဘယ်သူအား ဟောကြားခဲ့ပါသနည်း။

(တတိယအကြိမ်)

**၂။ အဘိသမ္ဗောဓိတော သတ္တ၊ ဝဿမှိ ဓမ္မသာမိနာ။**
**ဒေသိတော ဒေဝလောကမှိ၊ ဒေဝါနံ ဘဝမုတ္တိယာ။**

ဓမ္မသာမိနော=ဓမ္မသာမိ မာရဇိဟု သာကီ့ဥသျှောင်ငါးမာရ်အောင်သည်။ အဘိသမ္ဗောဓိတော=မဟာဗောဓိ အပရာဇိဝယ် ဇာတိခေတ် သောင်းစကြ္ကဝါကို စောင်းသွက်ခါပဲ့တင်ညိတ်စေ၍ ဘုံသုံးဆိုင်ခရိုင်ထိပ်ဝယ်ဓမ္မိဿရထွတ်ဖျား ဘုရားဖြစ်တော်မူသည်မှ။ သတ္တဝဿမှိ=ခုနစ်ဝါ မြောက် ကောဇာထောက်သော် ဘုန်းတောက်အဋ္ဌုန ရာဇညလျှင် မာဃစန္ဒေ ကိန်းဖြင့်ချေသား တွက်ရေသက္ကရာဇ် ရာ့ဆယ်နှစ်၌။ ဒေဝလောကမှိ=တာဝတိံသာ နန်းသိင်္ဂါဝယ် ဠန္ဒာသန ဓမ္မပလ္လင် ကသစ်ပင်အောက် ဘုန်းရှိန်ဆောက်သား မြကျောက်နလ္လာ ပဏ္ဍုကမ္ဗလာ၌။ ဒေဝါနံ=စကြ္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့အား။ ဘဝမုတ္တိယာ=ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နင်းလွတ်မြောက်ပါစေခြင်းအကျိုးငှါ။ ဒေသိတော=ဟောကြားတော်မူအပ်ခဲ့လေပြီ။ ဝါ - ဒေသိတော=မဟာသက္ကရာဇ် ရာ့ဆယ်နှစ်ဝယ် ရှင်ချစ်မုနိန် မာရဇိန်သည် ဝတိံစံခင်း ကသစ်ရင်း၌ အလင်းဘိဓမ္မာ မြိုက်ရသာကို သောင်းရပ်ရွာ နတ်ဗြဟ္မာအလုံးတို့အား ဝဋ်ထုံးနှောင် လွတ်အောင်ရုံးစေဟု တဝါလုံးဟောကြားတော်မူအပ်ခဲ့လေပြီ။

**၃။ တေ ဓညာ ဓညာ ဝတ ဒေဝ ဒေဝါ၊ တေနုန ဓမ္မာမတာ ပီတပီနာ။**
**ယေ သမ္မုခါယေ၀ လဘန္တိ ဒဋ္ဌုံ၊ ဗုဒ္ဓဉ္စ ဓမ္မဉ္စ အဝေစ္စ သောတုံ။**

ယေ=အကြင် စကြ္ကဝါအပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ သမ္မုခါယေဝ=မျက်မှောက်ထင်ရှား အမြင်အားဖြင့်သာလျှင်။ ဗုဒ္ဓံ=ဒဿနာနုတ္တရိယဗာတ္တိံသလက္ခဏာ သီတာနုဗျည်း ရှုမညီးတို့ဖြင့် နုလည်းနုပျို ရွှန်းဝေစိုသည့် ရွှေကိုယ်ခတ်သား မြတ်စွာဘုရားကို။ ဒဋ္ဌုံ=သဒ္ဓါရွှင်ပျော် ဖူးမြော်ကြခြင်းငှါလည်းကောင်း။ ဓမ္မံ သဝနာနုတ္တရိယ ကြားအပ်သမျှတို့ထက်ကဲလွန် အမွန်ခေါင်ထိ မိပတိဟု အဘိဓမ္မာ တရားရတနာကို။ အဝေစ္စ=သဒ္ဓါရွှေတင်ဉာဏ်သက်ဝင်၍။ သောတုံစ=နှေ့ညဉ့်ဆက်ကာ ကြားနာကြခြင်းငှာလည်းကောင်း။ လဘန္တိ=ခွင့်ကောင်းကြိုက်ကြုံ ရရှိကုန်၏။ တေ ဒေဝဒေဝါ ထိုစကြ္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာနတ်ဗြဟ္မာတို့သည်။ ဓညဓညာဝတ=ဘုန်းရည်ထူးချွန် ကံရည်လွန်သည့် အမွန်ဥက္ကဋ္ဌ နတ်မြတ်နတ်မှူး ဗြဟ္မာထူး ဖြစ်ကြပါပေကုန်စွတကား။ တေဒေဝဒေဝါ=ထိုစကြ္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်။ ဓမ္မာမတ ပီတပီနာနုန=တရားဟူသည် အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး သောက်ယူသုံးသဖြင့် ကိုယ်လုံးရွှန်းစိုနုပျိုကြကုန်လိမ့်တကား။ ဝါ-ဓမ္မာမတ ပီတပီနာ နုန အဘိဓမ္မာ မြိုက်ရသာကို တင်းပြတ်လုံး သောက်ယူသုံး၍ ရွှင်ပြုံးနှစ်လို့ ချမ်းကြည်မျို့သဖြင့် ကူးတို့ဖောင် မဂ်ယာဉ်စီးပြီးလျှင် ပြည်နိဗ္ဗူခရိုင်ထီးကိုဖြင့် တပြိုင်တည်း စိုးစံကြကုန်လိမ့်တကား။

(တတိယအကြိမ်)

# ဗျူပ္ပတ်တခန်း

**၁။ ကေနာယံ ဘိဓမ္မော သမ္မ၊ ယေန လောကော ပဘာသတိ။**
**ပုဋ္ဌော တွံ သမ္မ အက္ခာဟိ၊ ပကရဏာ တွိဓ ကိတ္တကာ။**

သမ္မ=ဝိစိကိစ္ဆာ ကင်းကွာပြီး ကင်္ခါညစ်ကြေး စင်အောင်ဆေးသား ကျေးဇူးများပေ ချစ်မိတ်ဆွေ။ ယေန=အကြင်အဘိဓမ္မာ ဒေသနာနက်ခေါင် တရားတည်းဟူသော အလင်းရောင်ဖြင့်။ လောကော=သတ္တလောကကြီးသည်။ပဘာသတိ=ဤကားရုပ်နာမ်ဤနိဗ္ဗာန်တည့် ဤဟန်ပြုသင့် မပြုသင့်ဟု နှိုင်းချင့်မြော်ထောက် အလင်းရောက်အောင် ထွင်းဖောက်ထင်ထင် သိမြင်နိုင်ပါပေ၏။ အယံ=ဤ လူ နတ် ဗြဟ္မာ သတ္တာဝါကို ကင်္ခါ ချော်ဆေး နည်းမှန်ပေးသည့် ကျေးဇူးမြားမြောင် တရားဟန်ဆောင်ကြီးသည်။ ကေန=အဘယ် ဗျူပ္ပတ် ဘယ်ကြောင်းရပ်ကြောင့်။ အဘိဓမ္မော= အဘိဓမ္မာ ဒေသနာဟု မင်္ဂလာထုတ် အမည်ထူးရှိပါပေသနည်း။ ဣဓ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာတု=ခန်းကြီးခန်းငယ် အသွယ်သွယ်ဖြင့် ခြယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့သည်ကား။ ကိတ္တကာ=သင်္ချာရေထောက် အဘယ်လောက် ရှိပါကုန်သနည်း။ သမ္မ=အကျိုးလိုလား ကျိုးမဲ့ရှားဟု နှစ်ပါးစုံလင် မေတ္တာစေတ်ရေစင်ကို သွင်သွင်ဖိတ်စီး ချစ်မိတ်ကြီး။ ပုဋ္ဌော=အဘိဓမ္မာ ဉာဏ်အရောဝယ် မှန်တာကို သဘောပေါက်လို၍ စောထောက် စစ်ဆေး မေးမြန်းအပ်ပါသော။ တွံ=မေတ္တာဖိတ်စီး ချစ်မိတ်ကြီးသည်။ အက္ခာဟိ=အမှန်စကား ဖြေကြားတော်မူပါလော့။ဝါ-အက္ခာဟိ=မြတ်သုတ္တန္တ ဝိနယတို့လို မှသာမန် ဆိုသင့်တန်လျက် ဘယ်ဟန်ထူးဘိ ဗျူပ္ပတ္တိကြောင့် အဘိဓမ္မာ ခေါ်ဆိုသည့်ကြောင်း ရာကို လူတကာ နားဝယ် ရှင်းလောက်အောင် ကျမ်းဂန်လာ စံတမျဉ်းတို့ဖြင့် ထင်အလင်း ဖြေကြားတော်မူပါလော့။

**၂။ အတိရေက ဝိသေသာဒိ၊ ဓမ္မာ ဣဓ ပကာသိတာ။**
**တေနာယံ ဘိဓမ္မော သမ္မ၊ ပကရဏာ တွိဓ သတ္တမာ။**

သမ္မ=တဆင့်ပြီးလျက် တဆင့်တက်၍ နဲနက်ဝိတ္ထာ အဓိပ္ပါကို စိတ်ဖြာစစ်ဆေး တဆင်သွေးဖြင့် မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ။ဣဓ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ အတိရေက ဝိသေသာဒိ ဓမ္မာ=သုတ္တန်နှင့် ဝိနယတို့လို အကျဉ်းမျှမဟုတ်ပါ အစိတ်စိတ် နည်းအမြွာမြွာတို့ဖြင့် ဝိတ္ထာရာ ပိတ္ထာရ ဟောသင့်သမျှ မခြွင်းချန် သုတ္တန်လိုတနည်းဖြာ အဘိဓမ္မာလို တနည်းထုတ် တိက်နှင့်ဒုက် ယှက်သန်း ထူးတဆန်းလျှင် မေးမြန်းဖြေကြား ထိုတရားတို့နှင့်တကွ ဝုဒ္ဓိမန္တ ပူဇိတတည့် သလက္ခဏ ပရိစ္ဆိန် ဂုဏ်သိရ်ကဲလွန် ထူးချွန်သော လောကုတ္တရာ တရားတို့ကို။ ပကာသိတာ=ကောင်းကင်မြစ်ကြီး ယိုစီးသည့်အလား ထင်ရှားစွာ ဟောပြအပ်ကုန်ပြီ။ တေန=ထိုသို့ထူးမြတ် ကြောင်းဗျူပ္ပတ်ကြောင့်။အယံ=ဤအတိရေက ဝိသေသဟု ဓမ္မတို့ပေါင်းတည်ရာ အဘိဓမ္မာပိဋကတ်တော်ကြီးသည်။ အဘိဓမ္မော=အဘိဓမ္မာ ဘိဓမ္မာဟု သူငါအများ

နှုတ်ညွန့်ဖျားဝယ် ထင်ရှားသောအမည်ထူးရှိပါပေ၏။ ဣဓ=ဤအဘိဓမ္မာတွင်ခေါ် ပိဋကတ်တော်ကြီး၌။ ပကရဏာတု=ခန်းကြီးခန်းငယ် အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ပိုင်းခြား ကျမ်းအပြားတို့သည်ကား။ သတ္တမာ=ဓမ်,ဝိ,ဓာ,လ,က,ယ,ပဋ္ဌာန်း ခုနစ်ကျမ်း အပြားရှိပါကုန်၏။ ဝါ-သတ္တမာ=ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း မည်သာဆန်းတို့ဖြင့် နန်းနိဗ္ဗူတာ ကူးတို့ဆိပ် ကဲ့ပမာသို့ ဂ[illegible]ာ နည်းစုံပြွမ်းတို့ဖြင့် ဘိဓမ္မာ နက်ကျယ်ဝှမ်းသည် ခုနစ်ကျမ်း အပြားရှိပါပေသတည်း။

**၃။ ဓမ္မာတိ ေဒကော စ ဝိသေသဓမ္မော၊ လက္ခိံ ပဒါတာ ပဋ္ဌိသမ္ဘိဒါဒိံ။**
**ဓေဝံ ပဇာနံ ဝရဓမ္မ မေတံ၊ ကော နာဘိပူဇေ သုပသန္နစိတ္တော။**

ဘော=အို အဘိဓမ္မာ အသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့....။အယံ=ဤအဘိဓမ္မာတွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မာတိရေကော စ=ဓမ္မသဘော ဟောသင့်သမျှ မခြွင်း ချန် ကဲလွန်စွာဟောကြားအပ်သော တရားတော်မြတ်လည်း ဖြစ်ပါပေ၏။ ဝိသေသဓမ္မော စ=သုတ္တန်နှင့် ဝိနယတို့ထက် ဝိသေသဆန်းပြား တရားလည်းဖြစ်ပါပေ၏။ ပဋိသမ္ဘိဒါဒိံ လက္ခိံ=ပဋိသမ္ဘိဒါ သညာထင်ရှား ဉာဏ်လေးပါးနှင့်တကွ [illegible]ားဉဿုံ သမ္ပတ္တိကျေးဇူးဂုဏ်ကို။ ပဒါတာ စ=ရွတ်ဖတ်နာခံ ကျင့်ကြံသသူ နတ်နှင့်လူတို့အား ရယူစေရေး အစဉ်ပင်ပေးတတ် ပါပေ၏။ ဧဝံ=ဤသို့ကျေးဇူး ဂုဏ်အထူးတို့ ပြန့်ပြူးပြောဟုန် များလှပုံကို။ ပဇာနံ-ပဇာနန္တော=ယထာဘူတ နေရာကျသိမြင်သော။ ကော သုပသန္နစိတ္တော=မစ္ဆေကင်းကွာ သဒ္ဓါ ကိန်းအောင်း စိတ်ကောင်းရှိသူ ဘယ်သတ္တဝါ ဟူဟူသမျှသည်။ နာဘိပူဇေ=သဒ္ဓါကော်ရော် မပူဇော်ပဲ ရှိပါအံ့နည်း။ အဘိပူဇယတိဝေ=အဘိဓမ္မာ အခါတော်နေ့ ယခုလို ကျင်းပ၍လျှင် လောက်လွှေ့စည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည်အမတာ ဆုပန်ပျိုးကြ၍ လေးမင်္ဂဖိုလ် ဉာဏ်ရည်ဖြိုးတဲ့အောင် အမြတ်တနိုး ကော်ရော် ပူဇော်အံ့သည်သာတည်း။

## ကျမ်းခုနစ်ဖုံ မေးဖြေခုံ

**‘ဓမ်’ ၁။ ကထံ သင်္ဂဟိတာ ဓမ္မ သင်္ဂဟေ ဓမ္မသာမိနာ။**
**ဓမ္မ ဣဓ ဝိသေသေန၊ ပရိစ္ဆေဒါတု ကိတ္တကာ။**

သမ္မ=ကျမ်းခုနစ်ဖုံ သံခိပ်ငုံ၍ ဟောပုံနက်လေး တဆင်သွေးဖြင့် မေးပါရစေ ချစ်ကြည်ဆွေ။ ဓမ္မသာမိနာ=ဓမ္မသာမိ မာရဇိဟု သာကီ့ဥသျှောင် ငါးမာရ်အောင်သည်။ဓမ္မသင်္ဂဟေ=ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမအဘိဓမ္မာကျမ်း၌။ ဓမ္မာ=ပရမတ္ထသဘာဝဓမ္မတို့ကို။ ကထံ=ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ သင်္ဂဟိတာ=အကျဉ်းမှတ်စေ ဟောအပ်ပေကုန်သနည်း။ ဣဓ=ဤဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာကျမ်း၌။ ဝိသေသေန=အထူးအားဖြင့်။ ပရိစ္ဆေဒါတု=ဤတွင်တရပ် တခန်းသတ်ဟု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည်ကား။ ကိတ္တကာ=

အဘယ်မျှထိ ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ= (ခဘ်)ဟု ခေါ်မှန်း ပထမဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံကို မှတ်နိုင်ရုံ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရှန်းလောက် အောင်....အဖြေခွန်း ဖွင့်လှစ်ဟော်မူပါလော့။

**၂။ ဓမ္မာသင်္ဂဟိတာ ဓမ္မ၊ သင်္ဂဟေ ကုသလာဒိကာ။**
**သဘာဂါ တိက ဒုက္ကေဟိ၊ ပရိစ္ဆေဒါ စတုဗ္ဗိဓာ။**

သမ္မ=ကျမ်း၏သေတ္တာ အနှစ်စုကိုမှ ဆစ်ဖုသေခွေ မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ။ ဓမ္မသင်္ဂဟေ=ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာကျမ်း၌။ သဘာဂါ=အနဝဇ္ဇသာဝဇ္ဇ က စသည်ပြောထူ သဘောချင်း တူညီကြကုန်သော။ ကုသလာဒိကာဓမ္မာ=ကုသိုလ် အကုသိုလ် ထိုထိုများတောင်း တရားအပေါင်းတို့ကို။ တိကဒုက္ကေဟိ=သုံးပုံဝကြိတ် နှစ်ထွေစိတ်၍ တိက် ဗာဝီသာ ဒုက်တစ်ရာတို့ဖြင့်။ သင်္ဂဟိတာ=အကျယ်တရပ် အလတ်တထုံး အကျဉ်းဆုံးဟု သုံးတန် ဆင့်ပွါး နည်းအပြားတို့ဖြင့် ဟောကြားအပ်ပါကုန်ပြီ။ ပရိစ္ဆေဒါ=အပိုင်းကဏ္ဍပရိစ္ဆေဒတို့ သည်။ စတုဗ္ဗိဓာ=စိတ်,ရုပ်,နိုက်, အ, လေးကဏ္ဍရှိပါကုန်၏။ ဝါ-စတုဗ္ဗိဓာ=စိတ္တုပ္ပါဒ, ရူပ, နိက္ခေပ, အဋ္ဌကထာဟု သံခိတ္တာ ဝိတ္ထာနည်းတို့ဖြင့် ဘိဓမ္မာ ဉာဏ်ရောင် ညီးလောက်အောင် အပိုင်းကြီး လေးကဏ္ဍရှိပါပေကုန်၏။

**၃။ သမ္ဗုလ္လသာလော၀ သုဂန္ဓဂန္ဓိကော၊ သမ္ဗုလ္လဓမ္မေဟိ သဒါ ပဝါယိတော။**
**ယော ဓမ္မစက္ခုံ၀ိယ ဓမ္မသင်္ဂဟော၊ သဒ္ဒါယ ပညာယ ၀ တံ ဘဏာမ ဘော။**

ဘော=အို အဘိဓမ္မာ အသင်းဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ ယောဓမ္မ သင်္ဂဟော=အကြင် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာကျမ်းကြီးသည်။ သုဂန္ဓဂန္ဓိ ကော=ဂန္ဓာရုံ ယနံ့ကောင်းတို့ဖြင့် ပြန့်လှောင်း မွှေးကြိုင် သင်းလှိုင်၍ နေပေသော။ သမ္ဗုလ္လ သာလော၀=ရင်းဖျားကိုင်းညွတ် ပင်လုံးကျွတ်အောင် ပွင့်ဝတ်စုံလင် အင်ကြင်းပင်ကြီးကဲ့သို့။ သမ္ဗုလ္လဓမ္မေဟိ=ပွင့်ပွင့် လင်းလင်း ရှင်းရှင်းပြတ်သား ဟောအပ်သော တရားတို့ဖြင့်။ သဒါ ပဝါယိတော=ဘုံဘင်္ဂတိုင် အခါခပ်သိမ်း ကောင်းတင်းလှိုင်၍ နေပါပေ၏။ ဓမ္မစက္ခုံဝိယ= ရုပ်နာမ်ဓမ္မ သဘာဝကို ကျနကုန်စင် လင်းလင်းမြင်သဖြင့် ပညာရှင်လက်သုံး ဓမ္မမျက်လုံးကြီး သဖွယ်လည်း ဖြစ်ပါပေ၏။ တံ တာဒိသံ=ထိုသို့ကျေးဇူး အထူးများလှ မြတ်ထွတ်လှသည့် ဓမ္မသင်္ဂဏီ အမည်သာဆန်း ပထမ အဘိဓမ္မာကျမ်းကို။ သဒ္ဓါယဲစ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါထိန်လျှပ် သဒ္ဓါဓာတ်ဖြင့် လည်းကောင်း။ ပညာယစ= ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့် လည်းကောင်း။ ဘဏာမ၊ ပီပြင်ပြတ်သား ရွတ်ပွါးကြပါစို့။ ဝါ ဘဏာမ=အဘိမင်္ဂလာ မြိုက်ဓမ္မာ၏ ခါတော်ကြိမ်တွေ့ ကြုံယနေ့ဝယ် လွှေ့လွှေ့ဖြာစည် သဒ္ဓါဝသီဖြင့် အဥ္စလီ ရှိညွှတ်တွားကြ၍ ဓမ္မသင်္ဂဏီ ဘိဓမ္မာ တရားကို ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။ (ဓမ္မသင်္ဂဏီ ပါဠိတော်များကို ရွတ်ဆိုရန်)

(တတိယအကြိမ်)

## ‘ဝိ’ ၁။ ကထံ သုဝိဘတ္တာ သမ္မ၊ ဓမ္မာ ဝိဘင်္ဂဝါဒိနာ။ ဝိဘင်္ဂေ ဒုတိယေ ဧတ္ထ၊ ပရိစ္ဆေဒါတု ကိတ္တကာ။

သမ္မ=ပြဿနာခဲကပ် ဒုန္နယတ်ကို တုံ့ဆတ်မေးဖြေ ခွန်းတိုင်းချေသည့် အဆွေမှန်လျှင်း ချစ်မိတ်ရင်း....။ ဝိဘင်္ဂဝါဒိနာ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား မြတ်ဘုရားသည်။ ဒုတိယေ=ဓမ္မသင်္ဂဏီမှထောက် နှစ်ခုမြောက်ဖြစ်သော။ ဝိဘင်္ဂေ=ဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဓမ္မာ=ပရမတ္ထ သဘာဝတရားတို့ကို။ ကထံ=ဒေသနာစက်ဟုန် ဘဝဂ်တုန်မျှ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့်။ သုဝိဘတ္တာ=ဝေဖန်စိတ်ပြား ဟောကြားတော်မူအပ်ပါကုန်သနည်း။ ဧတ္ထ=ဤဝိဘင်းခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်း၌။ ပရိစ္ဆေဒါတု=ဤတွင်တရပ် တခန်းသတ်ဟု ပိုင်းဖြတ်ဖော်ပြ ပရိစ္ဆေဒတို့သည်ကား။ ကိတ္တကာ=အဘယ်မျှတို ရှိပါကုန်သနည်း။ ဝါ-ကိတ္တကာ= (ဝိ) ဟု ခေါ်မှန်း ဒုတိယအဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံ သံခိပ်ညွန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရွှန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

## ၂။ ခန္ဓာဒိနာ စ သုတ္တန္တ၊ ဘာဇနာဒိ နယတ္တယာ။ ဓမ္မာ သုဝိဘတ္တာ ဧတ္ထ၊ အဋ္ဌာရသ ဝိဘတ္တိကာ။

သမ္မ=အဆစ်ခဲကပ် ဒုန္နယတ်ကို ကပ်သပ်ရှာဖွေ မေး-မေးတတ်ပါပေ ချစ်ကြည်ဆွေ....။ ဝိဘင်္ဂေ=ဝိဘင်းခေါ်မှန်း ဒုတိယ အဘိဓမ္မာကျမ်း၌။ ဓမ္မာ=ပရမတ္ထ သဘာဝ တရားတို့ကို။ ခန္ဓာဒိနာစ=ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် နာမ်ရုပ်နှစ်ဖြာ ခန္ဓာအစရှိသော နည်းအားဖြင့် လည်းကောင်း။ သုတ္တန္တ ဘာဇနာဒိ နယတ္တယာ=သုတ္တန်လို တနည်းဖြာ အဘိဓမ္မာလို တနည်းထုတ် တိက်နှင့် ဒုက်စစ်ဆေး မေးလင့်ဖြေကာ ပဉှာပုစ္ဆက နည်းသုံးဝဖြင့် လည်းကောင်း။ သုဝိဘတ္တာ=ဒေဝရီမျိုး ရွှေစည်နှိုး၍ ရေကြည်မိုး ရွာသွန်းသကဲ့သို့ ခွဲခြမ်းစိတ်ဖြာ ဟောအပ်ပါကုန်ပြီ။ ဧတ္ထ=ဤဝိဘင်းခေါ်မှန်း အဘိဓမ္မာကျမ်း၌။ ဝိဘတ္တိကာ=ခွဲစိတ်ဖြေရှင်း ဝိဘင်းအပြားတို့သည်။ အဋ္ဌာရသ=တဆယ့်ရှစ်ပါး ရှိပါကုန်၏။ ဝါ-အဋ္ဌာရသ=**ခန္ဓာယတန ဓာတုပြ သစ္စဣန္ဒြေ။ ။ပဋိစ် သတိ သံဗုဒ္ဓိ ဗောဓိခုနစ်ထွေ။ ။မဂ်စျာန်ပမည် သိက္ခာယှဉ် ခွဲထွင် သမ္ဘိဒေ။ ။ဉာဏ်ခုဒ္ဒက ဟဒယ ဋ္ဌာရဝိဘင်္ဂေ။** ဤအနေဖြင့် ကြည်တထွေ ကျဉ်းမှတ်သားရန်ဘို့ ဝိဘင်္ဂါ ကျမ်းဂန် အလားတို့သည် ဆယ့်ရှစ်ပါး အပြားရှိပါပေကုန်၏။

## ၃။ ယော ဒေဝဒေဝေန ဒိဝမှိ ဒေသိတော၊ မဓမ္မော ဝိဘင်္ဂေါ သုဝိဘင်္ဂဝါဒိနာ။ ဓမ္မေဝဝတ္ထာန မတိပ္ပဒါယကော၊ သဇ္ဇါယ ပညာယ စ တံ ဘဇာမ ဘော။

ဘော=အဘိဓမ္မာ ပညာလျှံညီး ဥက္ကာမီးကို ညှိသီးစိုက်ထောင် ကိုယ်စီဆောင်သည့် မြားမြောင်စုပေါင်း အို သူတော်ကောင်းတို့။ ယော ဝိဘင်္ဂေါ=အကြင် ဝိဘင်းတွင်ခေါ် တရားတော်မြတ်ကြီးကို။ သုဝိဘင်္ဂဝါဒိနာ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာခွဲခြား ဟော

ကြားတော်မူလေ့ရှိပေသော။ ဒေဝဒေဝေနေ=နတ်ဝိသုဒ္ဓိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရားသည်။ ဒိဝမှိ=တာဝတိံသာ နတ်တို့ရွာ၌။ ဒေသိတော=ဒေသနာရွှေမိုး သောင်းတိုက်ကြိုးမျှ စွေဖြိုးရွာသွန်းအပ်လေပြီ။ ယော ဝိဘင်္ဂေါ= အကြင်ဝိဘင်း တွင်ခေါ် တရားတော်မြတ်ကြီးသည်။ ဓမ္မေဝဝတ္ထာန မတိပ္ပဒါယကော=ဤကိုယ်ကာယ တလံမျှငယ် ဓမ္မရုပ်နာမ် ဖြစ်ချုပ်မှုန်၏ ရုပ်နာမ်နှစ်ပါး ချန်လှပ်ထား၍ ဤကားလိပ်ပြာ ဤကားငါဟု ဆံလွှာမျှမျှ ရှာမရသား ဓမ္မဝဝတ္ထာန် အမြင်မှန်ကို တရံမနှေး ပေးတတ်ပါပေ၏။ တံဝိဘင်္ဂံ=ထိုဝိဘင်းတွင်ခေါ် အဘိဓမ္မာ တရားတော်မြတ်ကြီးကို။ သဒ္ဓါယစ=စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြားရတနာ ကဲ့ပမာလျှင် ရောင်ဝါထိန်လျှပ် သဒ္ဓါဓာတ်ဖြင့် လည်းကောင်း။ ပညာယစ=ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့် လည်းကောင်း။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွါးကြပါစို့။ဝါ-ဘဏာမ=ပရမတ္ထသဘာဝဝယ် ဓမ္မဝဝတ္ထာန် အမြင်မှန်၍ အသခ်တံ နိဗ္ဗာန်နားရအောင် ဝိဘင်္ဂါဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။ (ဝိဘင် ပါဠိတော် ဆိုရန်)

**'ဓာ' ၁။ ကထံ ဓာတုကထံ ဒေဝ၊ ဒေဝေါ ဒေဝါန မာလယေ။**
**ဒေသေသိ ဒေဝဖြဟ္မာနံ၊ နယာတု ထွေ ကိတ္တကာ။**

သမ္မ=တစ်ကျမ်းပြီးနောက် တစ်ကျမ်းကောက်၍ စောထောက်စစ်ဆေး သိလိုရေးဖြင့် မေးပါရစေ ချစ်မိတ်ဆွေ....။ ဒေဝဒေဝေါ=မဟာဒေဝရာဇ် ဘုန်းလျှံသစ်သား ရှင်ချစ်ပရမေသုံးလူ့ဆွေသည်။ ဒေဝါနမာလယေ= ဝတိံဘူမိ နန်းသီရိဝယ် ကောဝိဠာရ မြ ကသစ်ရိပ် ခြည်လျှံဖိတ်သား ဒေဝိသ်စံရာ ကမ္ဗလာပဏ္ဍု လဲဝါနှု၌။ ဒေဝဖြဟ္မာနံ=စက္ကဝါပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဖြဟ္မာတို့အား။ ဓာတုကထံ=**ဓာတုကထာ** မည်သာတွင်မှတ် အဘိဓမ္မာ တရားတော်မြတ်ကို။ ကထံ=ဘယ်သို့ဘယ်ပုံ နည်းနာစုံအောင်။ဒေသေသိ=ဒေသနာရွှေမိုး ခွေကာကြိုး၍ စွေဖြိုးရွာသွန်းတော် မူခဲ့ပါသနည်း။ ထွေ=ဤဓာတုကထာ မည်သာတွင်မှတ် တရားတော်မြတ်၌။ နယာ တု=စိတ်ဖြာ ဟောကြား နည်းအပြားတို့သည်ကား။ ကိတ္တကာ=အဘယ်မျှတိ ရှိပါကုန်သနည်း။ ဝါ ကိတ္တကာ=ဓာတုကထာ ကျမ်းရွှေစာဝယ် မြတ်စွာရှင်စော ဘယ်ပုံဟောဟု သဘောနှင့်သရုပ်နှစ်ဖြာကို ထုတ်ခါဖွေညွှန်း နေလျှံထွန်းသို့ ဇာဖြေခွန်း ကျူးမိန့်တော်မူပါလော့။

**၂။ ဒီပယံ ဓာတုပုဋ္ဌတ္တံ၊ နာနာဓာတု ဝိဘဇ္ဇကော။**
**ဓာတုကထံ ယံ ဒေသေသိ၊ နယာ ထွေ စတုဒ္ဒသ။**

နာနာဓာတု ဝိဘဇ္ဇကော=နာနာဓာတု ဝိဘဇန ဉာဏသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဓာတုပုဋ္ဌတ္တံ=ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး လားလားမဟုတ် နာမ်ရုပ်နှစ်ရပ် ဓာတ်အစုဝေးမျှ ဖြစ်သည်ကို။ ဒီပယံ-ဒီပယန္တော=အလင်းထင်ပေါ် ညွှန်းပြတော်မူလျက်။ ယံဓာတုကထံ=အကြင် ဓာတုကထာ မည်သာတင့်ဆန်း အဘိဓမ္မာကျမ်းကို။ ဒေသေသိ= သောင်း

**၂။ ယံ ယံ ဓမ္မမုပါဒါယ၊ ယော ယော ပုဂ္ဂလ သမ္မတော။**
**တံ တံ ဓမ္မံ ဝိဘဇိတွာ၊ ဒေသေသိ ယာဝ ပဉ္စကာ။**

တိလောကေကဂ္ဂ ပုဂ္ဂလော= လောကဓာတ်ခရိုင် ဘုံသုံးဆိုင်ဝယ် နှုန်းပြိုင်အပ်သူ တယောက်လူမျှ မပြူဖက်ပြူန်း အမြတ်ဆုံးခေါ်ဆို ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူငြား မြတ်စွာဘုရားသည်။ ယံ ယံ ဓမ္မံ၊ ကောင်းဆိုးနှစ်ပြင် အကြင်အကြင်သို့သော သဘာဝဓမ္မကို။ ဥပါဒါယ= အစွဲတခု အခြေခံပြု၍။ ယော ယော ပုဂ္ဂလ သမ္မတော=ကောင်းဆိုးနှစ်ရပ် အကြင် အကြင်သို့သော ပုဂ္ဂလ ပညတ်သည်။ ဟောတိ=သမ္မုတိသစ္စာ လူမှာထင်ရှား ဖြစ်ပွါး၍နေပါပေ၏။ တံ တံ ဓမ္မံ=ကောင်းဆိုးနှစ်ရပ် ပုဂ္ဂလပညတ်တို့ စွဲမှတ်ဘို့ အခြေခံ အမှန်တိတိ ထင်ရှားရှိသည့် အဝိပရိတ သဘာဝအား လိုထိုပရမတ္ထတရားကို၊ ဝိဘဇိတွာ= အကာကိုပစ် အနှစ်ကိုရှာ ကဲ့ပမာလျင် စိတ်ဖြာခွဲခြမ်းတော်မူ၍။ ယာဝ ပဉ္စကာ =တမျိုးနှစ်မျိုး သုံးလေးမျိုးနှင့် ငါးမျိုး ခေါ်မြောက် ပုဂ္ဂိုလ်အစုသို့ တိုင်ရောက်အောင်။ ဒေသေသိ=စိတ်ဖြာခွဲခြား ဟောကြားတော်မူခဲ့လေပြီ။ ဝါ-ဒေသေသိ=ပုဂ္ဂိုလ်တွင်ကား မရပ်နားပဲ ဓာတ်သားစင်စစ် ပရမတ်နှစ်သို့ ထွန်းသစ်ဉာဏ်ခြေ ရောက်ကုန်စေဟု မြတ်စိန္တေ လူ့ခေါင်ဘုရားသည် ပညတ်စုံ ဘိဓမ္မာတရားကို ဟောကြား ပြသတော်မူခဲ့လေပြီ။

**၃။ ဓမ္မေဟိ ပညတ္တိ ပဘေဒ ဒီပကံ၊ သတ္တူပ လဒ္ဓိဋ္ဌ ပနူဒကံ ဝရံ။**
**အာသီသမာနာ သုဝိမုတ္တိ မစ္စုတိံ၊ ဘဏာမ တံ ဘော မုနိနောနုသာသနိံ။**

ဘော=ပရမတ် ပညတ် ယင်းနှစ်ရပ်ဝယ် ရှင်းပြတ်သက်ာ ဉာဏ်ဝိဇ္ဇာဖြင့် စိတ်ဖြာလို တောင်း အို သူတော်ကောင်း ...တို့။ဓမ္မေဟိ=ပရမတ္ထ သဘာဝဓမ္မတို့ဖြင့်။ပညတ္တိပဘေဒဒီပကံ= ကောင်းဆိုးနှစ်ပါး ပုဂ္ဂလပညတ်အပြားကို ခွဲခြားစိတ်ဖြာ ပြတတ်စွာသော။ သတ္တူပ လဒ္ဓိဋ္ဌ= အနမတဂ် သံသာစက်မှ ခုထက်တိုင်ပင် အမျှင်မပြတ် စွဲယူမှတ်သည့် သတ္တဒိဋ္ဌိ ဝိပရိဖောက်ပြား အယူမှားကိုလည်း။ ပနူဒကံ= နေလျှံရှိန်ကျော် ဆီးနှင်းပေါက်သို့ သွေ့ခြောက်စေသား ပယ်ရှားဖြတ်တောက်နိုင်ပေထသော။ ဝရံ=မဟာပညဝန် ပုဂ္ဂိုလ်မွန်တို့ လွန်နှစ်လိုအပ် မြတ်ပေထသော။ မုနိနော=သကျမုနိ တုမရှိ၏။ အနုသာသနိံ= နိဗ္ဗူရောက်ကြောင်း ကောင်းမြတ်သော အဆုံးအမ ဖြစ်ပေထသော။ တံ ပုဂ္ဂလပညတ္တိံ=ထိုပုဂ္ဂလပညတ် ခေါ်မှတ်မည်ဆန်း စတုတ္ထ အဘိဓမ္မာကျမ်းကို။ အစ္စုတိံ =စုတေ့ဖောက်ပြား ရွေ့ရှားခြင်းမရှိသော။ သုဝိမုတ္တိံ= ကိလေသာစက် သုံးထောင်ဝက်မှ လွတ်ထွက်ရာမှန် ပြည်နိဗ္ဗာန်ကို။ အာသီသမာနာ=တောင့်တ လင့်ဆို အလိုရှိကြ ကုန်သော။ မယံ=အဘိဓမ္မာအသင်းဝင် သူတော်စင် အကျွန်ုပ်တို့သည်။ ဘဏာမ=ပီပြင် ပြတ်သား ရွတ်ပွါးကြပါစို့။ ဝါ-ဘဏာမ=သတ္တဒိဋ္ဌိ ဝိပရိဟု မဂ်၏တံသင်း ရန်ခပင်းကို ဉာဏ်စင်းပစ်ချိန် စစ်ဦးနိုမ်ဖို့ စောမုနိန် မိန့်ဖော်ကြားခဲ့သည့် ပညတ်စုံ ဘိဓမ္မာ တရားကို ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

(ပုဂ္ဂလပညတ္တိပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်)

(တတိယအကြိမ်)

**'က' ၁။ ဇိနာဒိစ္စော ကထာဝတ္ထု၊ ဓမ္မံ သုနာ မဟာသရေ။**
**ဇာတိကွေ့တွေ ပဗောဓေသိ၊ ကထံ ဒိဝေါက ပက်ဇေ။**

ဇိနံ့ာဒိစ္စော=သဗ္ဗညုတ ဉာဏဗွေ့ချက် ရွှေတောင်ထက်မှ ပေါ်ထွက်ထွန်းပြူ ဥဒည်မူသား သယမ္ဘူဖျား ဘုရားနေမင်း သုံးလူ့သနင်းသည်။ ဇာတိကွေ့တွေ မဟာသရေ=ဇာတိခေတ်ပေါင်း တသောင်းသင်္ချာ စက္ကဝါဠရိုင် ပဒုမ္မာကြာအိုင်ကြီးထဲ၌။ ဒိဝေါက ပက်ဇေ=နတ် နတ်တကာ ဗြဟ္မာမာ ဟု သတ္တဝါကိန်း အသိန်းအသန်း ပဒုမ္မာကြာပန်းတို့ကို။ ကထာဝတ္ထု ဓမ္မံသုနာ= **ကထာဝတ္ထု** ခေါ်တွင်ပြုသား ဓမ္မပဒေသ နယမြားမြောင် တရားတည်းဟူသော အရုဏ်ရောင်ဖြင့်။ ကထံ=ဘယ်ပုံ ခွဲခြမ်း ဘယ်နည်းလမ်းအားဖြင့်။ ပဗောဓေသိ=သစ္စာလေးဆင့် ပွင့်စေပါသနည်း။ ဝါ-ကထံ ဗောဓေသိ = သောင်းစက္ကဝါ အိုင်ကုဋ္ဌာသယ် ပဒုမ္မာဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဝေးစေဖျောက်ကာ ဘယ်ခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေ,ထွန်းစေ ပွင့်ထွန်းတော်မူစေခဲ့ပါသနည်း။

**၂။ ဆလဝါဒံ ဝိနိဂ္ဂယှ၊ သ ဝါဒံ နိစ္စလံ ဌိတံ။**
**နာနာ သုတ္တ ဓမ္မံ့သူဟိ၊ ဗောဓေသိ ဇိနဘာဏုမာ။**

သမ္မ=သဒ္ဒအတ္ထာ အလင်္ကာတို့ မင်္ဂလာလျှံတောက် စံယူလောက်အောင် စောထောက်စစ်ဆေး နှုတ်ယဉ်ကျေးဖြင့် မေး-မေးတတ်ပါပေ ချစ်မိတ်ဆွေ....။ ဇိနဘာဏုမာ=ဘုရားနေမင်း သုံးလူ့သနင်းသည်။ ဇာတိကွေ့တွေ - မဟာသရေ=ဇာတိခေတ်ပေါင်း တသောင်းသင်္ချာ စက္ကဝါဠရိုင် ပဒုမ္မာကြာအိုင်ကြီးထဲ၌။ ဆလဝါဒံ=မိစ္ဆာအယူ မဖြူရစ်မြေး အညစ်အကြေးကို။ နာနာသုတ္တဓမ္မံသူဟိ = သင်္ချာမြားမြောင် သုတ်ဓမ္မကွန် အလင်းရောင်တို့ဖြင့်။ ဝိနိဂ္ဂယှ - အာဇာနာဟိ နိဂ္ဂဟံ= အောင်သံကျူးညိတ် အကြွင်းမဲ့ ကွပ်နှိပ်၍ လည်းကောင်း။ သဝါဒံ=ဝါဒစင်ဖြူ ကိုယ်တော်အယူကို။ နိစ္စလံ ဌိတံ=မိစ္ဆာလေဟုန် တိုက်လွင့်သုန်လည်း မတုန်မှူခန့် ကြံ့ကြံ့ခိုင်ကျည် တည်အောင်ပြုတော်မူ၍ လည်းကောင်း။ ဒိဝေါက ပက်ဇေ=နတ်နတ်တကာ ဗြဟ္မာမာဟု သတ္တဝါကိန်း အသိန်းအသန်း ပဒုမ္မာကြာပန်းတို့ကို။ ဗောဓေသိ=သစ္စာလေးဆင့် ပွင့်စေတော်မူပြီ။ ဝါ-ဗောဓေသိ=သောင်းစက္ကဝါ အိုင်ကုဋ္ဌာဝယ် ပဒုမ္မာဇာတ် အနတ်နတ်တို့ ရစ်ပတ်ပိတ်ထေး အဝိဇ္ဇာမြေးကို ဝေးစေဖျောက်ကာ ဤခြင်းရာဖြင့် သစ္စာလေးဆင့် တွေးတွေးရင့်အောင် ပွင့်စေ ထွန်းစေ ပွင့်ထွန်းတော်မူစေပြီ။

**၃။ ဝိတဏ္ဍာ ဝါဒီန ဝိဝါဒ မဒ္ဒနံ၊ ဝိဘဇ္ဇ ဝါဒီန သုဝါဒဇမ္ဘနံ။**
**ယုတ္တိံ အယုတ္တိဥ္စ ဝိဝိစ္စ ဒေသိတံ၊ ဘဏာမ တံ ဒါနိ ကထာနဝတ္ထုကံ။**

ဘော=အို သူတော်ကောင်း သူမြတ်လောင်းတို့။ ဝိတဏ္ဍဝါဒီနံ=မိစ္ဆာဝါဒီ လူဗာဟီတို့၏။ ဝိဝါဒ မဒ္ဒနံ=မိစ္ဆာဒိဋ္ဌိ ဖုံးအုပ်ဖိ၍ ပြောမိပြောမှား ဝါဒများကို ပယ်ရှားနှိပ်နင်းရာလည်းဖြစ်ပေထသော။ ဝိဘဇ္ဇဝါဒီနံ=လေးရပ်သစ္စာ နက်နဲစွာကို စိတ်ဖြာဟောကြား မြတ်ဘုရား

တို့၏။ သုဝါဒဇမ္ဗုန် ပဋ္ဌပဒါမဏ္ဍိမ လမ်းမှန်ကျသား ဝါဒစင်ဖြူ ထိုအယူ၏ ဗိုလ်လူများကြွယ် ပရိသတ်အလယ်၌ စံပယ်ကွန့်မြူးရာလည်း ဖြစ်ပေထသော။ ယုတ္တိဥ=အသင့်ယုတ္တိ ရှိသည်ကို လည်းကောင်း။ အယုတ္တိဥ=အသင့်ယုတ္တိ မရှိသည်ကို လည်းကောင်း။ ဝိဝိစ္စ=ခွဲခြမ်းစိတ်ဖြာ နည်းစုံမြွာ၍။ ဒေသိတံ ဤကားအသင့် ဤမသင့်ဟု လှစ်ဖွင့်ထင်ရှား ဟောကြားအပ်ပေသော။ တံ ကထာန ဝတ္ထုကံ ထို **ကထာဝတ္ထု** ခေါ်တွင်ပြုသား ဓမ္မုပဒေသ နယထူးဆန်း ပဉ္စမ အဘိဓမ္မာကျမ်းကို။ ဒါနိ-ဣဒါနိ အဘိဓမ္မာ ဒေသနာဝဲ့ချီး ပွဲကြီးခြိမ့်ညာ ဤယခုအခါ၌။ ဘဏာမ ပီပြင်ပြတ်သား ရွတ်ပွားကြပါစို့။ ဝါ-ဘဏာမ=ပရဝါဒီ ပြင်ပဗာဟိဟု တက္ကိသမား ကြံဝိုးဝါးတို့ စကားလုံ့ဖန် ဤလူ့ဌာနဝယ် အမှန်ကိုသိထင်ရှားစေဟု ကထာစုံ ဘိဓမ္မာတရားကို ရွတ်ပွားသရဇ္ဈာယ်ကြပါကုန်စို့။

(ကထာဝတ္ထု ပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်)

**'ယ' ၁။ ယမဿ ဝိသယာ တီတော၊ ယမကံ ယမဒေသယိ။**

**ကထံ ကိဝ ပရိစ္ဆေဒ၊ မဏ္ဍိတံ ကာနိ ဒဿယံ။**

ယမဿ ယမခေါ်လျှင်း မစ္စုမင်း၏။ ဝိသယာတီတော=ဂေါစရဂါမ် ပဥ္စက္ခန်ကို ကျော်လွန် ထွက်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယံ ယမကံ=အကြင် ယမက တွင်ခေါ် အဘိဓမ္မာ တရားတော်ကို။ အဒေသယိ=ဒယာဆော်နှိုး နတ်စည်ပျိုးသို့ မိုးဘဝဂ်ယံ ကောင်းတင်းလျှံအောင် ထုတ်ပြန်ဟောကြားတော်မူခဲ့လေပြီ။ တံ ယမကံ=ထို **ယမက** တွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ကထံ ဘယ်ပုံစိတ်ဖြာ ဘယ်ခြင်းရာဖြင့်။ ကိဝ ပရိစ္ဆေဒ မဏ္ဍိတံ= ဘယ်မျှသောအား ပိုင်းအခြားတို့ဖြင့် ဆန်းပြားစုံလင် တန်ဆာဆင်အပ်သည်ကိုပြု၍။ ကာနိ= ဘယ်ပုံထူးခြား ဘယ်တရားတို့ကို။ ဒဿယံ-ဒဿယန္တော= သောင်းစက္ကဝါ နတ်ဗြဟ္မာတို့ သိပါစေဟူ ပြတော်မူလျက်။ ဒေသေသိ=ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါသနည်း။ ဝါ-ဒေသေသိ (**ယ**) ဟုခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းဝယ် အခန်းနှင့် ဟောမြွက်ပုံ အလုံးစုံတို့ကို မှတ်လွယ်ရုံ သံခိပ်ညွှန်းတဲ့၍ ကြည်သဒ္ဓါ ဝေဝေရှန်းလောက်အောင် အဖြေခွန်း ဖွင့်လှစ်တော်မူပါလော့။

**၂။ ယမကံ ယမကံခါယ၊ ပုဂ္ဂလာဓမ္မဋ္ဌ လက္ခဏေ။**

**ပရိညာ ဒဿယံ တိဿော၊ ဒေသယီ ဒသဓာ ဇိနော။**

ဇိနော= ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်သည်။ ယံ ယမကံ=အကြင် ယမက တွင်ခေါ် ခြောက်ဆင့်မြောက် အဘိဓမ္မာ တရားတော်ကို။ အကံခါယ =ယုံမှားပယ်ဖျောက် အလင်းပေါက် သိစိမ့်သောငှါ။ ပုဂ္ဂလာဓမ္မဋ္ဌလက္ခဏေ=အနုလုံ ပဋိလုံ အစုန်အဆန် သန္နိဋ္ဌာန် သံသယ ပုဂ္ဂလာပါဓမ္မဋ္ဌတို့နှင့် အနိစ္စ ဒုက္ခ အနတ္တာဟု လက္ခဏာအပြား ဤသုံးပါးတို့ကို လည်း ကောင်း။ တိဿော ပရိညာ= ဉာတ, တီရဏ, ပဟာနဟု သုံးဝထင်ရှား ပရိညာတရားတို့ကို လည်းကောင်း။ ဒဿယံ ဒဿယန္တော=သောင်းစက္ကဝါ နတ်ဗြဟ္မာတို့ သိပါစေဟူ ပြတော်

မူလျက်။ ဒသဓာ=မူလယမက ခန္ဓယမက စသည်ဆယ်ပါး အပြားအားဖြင့်။ ဒေသယီ= ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယီ=(ယ) ဟုခေါ်မှန်း ခြောက်ဆင့် မြောက် အဘိဓမ္မာကျမ်းဝယ် အခန်းကြီးဆယ်ပုံ အစုံစုံသော ပုစ္ဆာဓမ္မတ္ထ လက္ခဏာယာဉ်သုံးဖြာ ပရိညာသုံးသွယ် အနှုန်းခြယ်၍ မြတ်ဘုန်းကြွယ် လူ့ထွတ်ဘုရားသည် သောင်းရပ်ရွာ နတ် ပြဟ္မာ အများတို့အား ဟောကြား မိန့်မှာတော်မူခဲ့လေပြီ။

**၃။ ခန္ဓာဒိ ဓမ္မာန ပဝတ္တိဒီပကံ၊ ဝိပဿနာဉာဏ ဝိပက္က မာဝဟံ။**
**ကောယနံ ဇာတိခယန္တ ဘူမိယာ၊ ဘဏာမ တံ ဆဋ္ဌ ဘိဓမ္မဒေသနံ။**

ဘော=အိုသူတော်ကောင်း သူမြတ်လောင်းတို့....။ ခန္ဓာဒိဓမ္မာနံ=ခန္ဓာ အစရှိသော သဘာဝဓမ္မတို့၏။ ပဝတ္တိဒီပကံ=ဖြစ်ဟန် ချုပ်ဟန် ဖြစ်ချုပ်ဟန်ကို ဝေဖန်ပြတ်သား ထင်ရှားစွာ ပြတတ်ပေထသော။ ဝိပဿနာ ဉာဏဝိပက္ကံ=ဝိပဿနာဉာဏ် ရင့်သန်အားရှိ မဂ်တိုင်ထိအောင်။ အာဝဟံ=ကျေးဇူးမြားမြောင် ရွက်ဆောင်ပို့ရောက်စေတတ်ထသော။ ဇာတိ ခယန္တ ဘူမိယာ= ဇာတိကုန်ရာ မဟာအသင်္ခတ အမတကွန်းဗွေ ဘေးမဲ့မြေ၏။ ကောယနံ=ရောက်စေနိုင်တောင်း တခုတည်းသော လမ်းကြောင်းလည်း ဖြစ်ပေထသော။ တံ ဆဋ္ဌဘိဓမ္မဒေသနံ= ထို ယမက ခေါ်မှန်း ခြောက်ဆင့်မြောက် အဘိဓမ္မာကျမ်းကို။ ဘဏာမ=ပီပြင် ပြတ်သား ရွတ်ပွါးကြ ပါစို့။ ဝါ-ဘဏာမ= သုံးပါးယာဉ်သာ လက္ခဏာဖြင့် ပရိညာသုံးဆင့် အောင်လံလွှင့်၍ နန်းမြင့်သောင်ခေ အောင်ရိပ်မြေသို့ အောင်သံတွေ ကိုယ်စီကြားကြ၍ အောင်ဆုယူ အရောက် သွားရအောင် ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

(ယမကပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်)

**'ပဋ္ဌာန်း' ၁။ သတ္တမံ မုနိ ပဋ္ဌာနံ၊ ဘိဓမ္မံ ဣသိ သတ္တမော။**
**ကထံ ဒေသေသိ ဒေဝါနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။**

သမ္မ=ဝဇိရ စိန်ပမာ ဉာဏ်ပညာဖြင့် ပြဿနာဆစ်ပိုင်း မေးလိုက်တိုင်းကို မဆိုင်းလုစ်ဖြေ ချစ်မိတ်ဆွေ....၊ ဣသိ သတ္တမော=ဝိပဿီမှန်ကူ သယမ္ဘူမှ စွဲယူရေထောက် ခုနစ်ဆူမြောက်သား ဘုန်းတောက်မိဒတိ မဟာဣသိဖြစ်တော်မူသော။ မုနိ=သကျမုနိ တုမရှိသား တြိဘဝသျှောင်ဖူး အောင်ပွဲမှူးသည်။ သတ္တမံ=ဓမ္မသင်္ဂဏီမှထောက် ခုနစ်ဆင့်မြောက်ဖြစ်သော။ ပဋ္ဌာနံ ဘိဓမ္မံ= ပဋ္ဌာန်း တွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေဝါနံ=သောင်း စက္ကဝါ နတ်ပြဟ္မာတို့အား။ ကထံ ဒေသေသိ=ဘယ်ပုံခွဲခြား ဟောကြားတော် မူခဲ့ပါသနည်း။ ပုစ္ဆိတော ပဋ္ဌာန်းဘိဓမ္မာ ဒေသနာကို သေချာစိစ္စေးသိလိုရေးဖြင့် မေးအပ်ပါပေ ချစ်မိတ်ဆွေသည်။ တံ ထိုအကြောင်း ကို။ မေ=အတ္တဂ္ဂါယီ အင်ညီမှယုတ် အကျွန်ုပ်အား။ အက္ခာဟိ=အဖြေစကား မိန့်ကြားတော် မူပါလော့။ ဝါ အက္ခာဟိ=မဟာဏ္ဏဝ သာဂရထက် နယကျယ်ဝှမ်း မြတ်ပဋ္ဌာန်းကို မှန်းနိုင် လောက်ရုံ သံခိပ်ငုံ၍ ဟောမြွက်ပုံ ဆိုလိုရင်းလောက်မျှ လူဗိုလ်ပုံနားဝယ် ရှင်းလောက်အောင် ထင်အလင်း ဖြေကြားတော်မူပါလော့။

(တတိယအကြိမ်)

**၂။ ဝိဘဇ္ဇိတွာန ပဋ္ဌာနံ၊ ဓမ္မေ စ ဓမ္မသတ္တိယော။**
**သမန္တာ နန္တနျာ ယေဟိ၊ ဒေဝါနံ ဒေသယီ ဇိနော။**

သမ္မ=ကျမ်းတိုင်းစုံစေ့ နက်သိမ်မွေ့ကို ပြောင်းရွေ့ဖန်ခါ ဉာဏ်ပထျာဖြင့် ပြဿနာ စစ်ဆေး မေးတတ်ပါပေ ချစ်မိတ်ဆွေ…။ ဇိနော=ငါးပါးမာရ်ညွန့် ရန်အဝှန့်ကို မရှုံ့မထိတ် ခြသေ့စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူ မြတ်စွာဘုရားသည်။ ဒေဝါနံ=သောင်း စက္ကဝါ နတ်ဗြဟ္မာတို့အား။ ဓမ္မေစ=ပရမတ္ထ ဓမ္မ တရားလုံးကို လည်းကောင်း။ ဓမ္မသတ္တိယော စ=ထိုထိုပရမတ္ထ တရားတို့၏ စွမ်းပကားတေဇော် အာနုဘော် သတ္တိတို့ကို လည်းကောင်း။ ဝိဘဇ္ဇိတွာန=တစ်ခုမကျန် ဝေဖန်ခွဲခြမ်းတော်မူ၍။ သမန္တာနန္တနျာယေဟိ=ဝန်းကျင်ကျယ်ဝှမ်း အနပ္ပကမ်းများကြွယ် နည်းသွယ်သွယ်တို့ဖြင့်။ ပဋ္ဌာနံ= ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကို။ ဒေသယီ=ထုတ်ဖော်ထင်ရှား ဟောကြားတော်မူခဲ့ပါပြီ။ ဝါ-ဒေသယီ=ဟေတု ဟေတု မြေ ရေထုနှင့် လေထုလိုက်ခုန် သောင်းတိုက်တုန်အောင် နည်းဖုံဖုံ နက်ကျယ်ဝှမ်းလှသည့် အဘိဓမ္မာ စာတော်ပဋ္ဌာန်းကို လူ့ထိပ်ပန်း ဟောကြားတော်မူခဲ့လေပြီ။

**၃။ ယံ သမ္မသန္တဿ ဒိသာ သမန္တတော၊ ဝိနိစ္ဆရေ သတ္တုပဘာ သရီရတော။**
**နယမ္ဗုဓိံ ဉာဏသမုဒ္ဒဂေါစရံ၊ သဒ္ဓါယ ပညာယ စ တံ ဘဇာမ ဘော။**

ဘော= အိုအဘိဓမ္မာ မြိုက်ရသာ၏ ခါတော်သမယ ဒုလ္လဘကို အရတော်ညောင်းသူတော်ကောင်းတို့….။ယံပဋ္ဌာနံ=အကြင် ပဋ္ဌာန်းတွင်ခေါ် တရားတော်ကြီးကို။ သမ္မသန္တဿ= နဝရတ်ရောင်ရှိန် ရတနာဃရ နန်းအိမ်ဝယ် မွေ့သိမ်သော ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော် မူပေသော။ သတ္တု=သတ္တာဒေဝမနုဿာနံ ဂုဏ်တော်သံကို မိုးယံဘဝဂ် လွှမ်းကျော်တက်သား သကျဇိနော် စိန္တေယျော်၏။ သရီရတော=ရွှေတောင်းနှုန်းလျော် မြတ်ကိုယ်တော်မှ။ ပဘာ=ရောင်တော်ခြောက်သွယ် ပန်းနွယ် ပန်းညွန့်တို့သည်။ သမန္တတော ဒိသာ= ဝန်းကျင် နှံ့စပ် အရပ်ဒိသာ ဆယ်မျက်နှာတို့သို့။ ဝိနိစ္ဆရေ=စက္ကဝါနခမ်း အထက်အဇဋ္ဌာ ပြည့်လျှမ်းအောင် တဆန်းတကြယ် ယှက်ကူး၍ ကွန့်မြူးထွက်ကြွတော်မူကုန်၏။ နယမ္ဗုဓိံ= နယ သာဂရ နာမချီးကျူး အမည်ထူးလည်း ရှိပေထသော။ ဉာဏသမုဒ္ဒဂေါစရံ=ဉာဏသာဂရ ဂုဏ်လျှံပသား သဗ္ဗညုတရွှေဉာဏ်၏ ဂေါစရဂါမ်မှတ်သား ကျက်စားရာလည်း ဖြစ်ပေထသော။ တံ ပဋ္ဌာနံ=ထိုပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာ တရားတော်ကို။ သဒ္ဓါယစ၊ စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြား ရတနာ ကဲ့ပမာလျှင် ရောင်ဝါရှိန်လျှပ် သဒ္ဓါဓာတ်ဖြင့် လည်းကောင်း။ ပညာယစ=ဓမ္မသတ္တိ ချက်တိုင်းထိအောင် အသိဖန်ပျိုး ဉာဏ်ရည်မျိုးဖြင့် လည်းကောင်း။ ဘဇာမ=ပီပြင် ပြတ်သား ရွတ်ပွါးကြပါကုန်စို့။ ဝါ-ဘဇာမ= အနန္တနယ သမန္တခေါ်မှန်း မြတ်ပဋ္ဌာန်းကို လန်းလန်းစည်ဖြာ ကြည်သဒ္ဓါဖြင့် ပြည်အမတာ ဆုညွတ်ထားကြ၍ ဗောဓိဉာဏ် ရင့်သန်ထွားလောက်အောင် ရွတ်ပွါးသရဇ္ဈာယ်ကြပါကုန်စို့။

(ပဋ္ဌာန်းပါဠိတော်များကို ရွတ်ဆိုပူဇော်ရန်)

(တတိယအကြိမ်)

အဘိဓမ္မာအခါတော်နေ့

အခမ်းအနားပြီးဆုံးအောင်မြင်ရာ များစွာကောင်းမှု ပေါင်းအစု ကြောင်းပြုကျိုးဆက်

# ရေစက်သွန်းချအကျိုးစာတမ်း

အဘိဓမ္မာအခါတော်နေ့ မဟာဓမ္မသဘာသို့ သာသနာတော် ပြန့်ပွါး စည်ပင်ရေး အလေးပြုကာ ကြွရောက်တော်မူလာကြကုန်သော သာသနာ့ပါလ သိက္ခာကာမ စသည်ဂုဏ်ပွါး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

အဘိဓမ္မာပြန့်ပွါးရေးအသင်းသူ အသင်းသား အစထားလျက် များပြားရောက်လာ ပရိသတ်ပေါင်းများစွာသည် "နောင် သံသရာ ရိက္ခာအတူ ကံကျေးဟူသည် အလှူဆိုက မဆုတ်ကြနှင့်"စသည်စကား ဆုံးမများနှင့် တသားအညီ အားသစ်ပြုကြသည့်အရာ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" တရားအလာနှင့် မခြားမကွာ ယခုအားထုတ် ပြုကြသည့်အမှု ဤများမြတ်သော ကောင်းမှုအထုကို ပတ္တနာမှု ရေစက်သွန်းချ အမျှဝေခြင်း ပြုကြပါသည်ဘုရား။

သမုဒယ အကြောင်းစမူရင်း ပြတ်ကင်းရာမှန် မြတ်နိဗ္ဗာန်ကို အမှန်မုချ ပကတူပ အကြောင်းလှုလျက် ရောက်ကြပါစေသား ပတ္တနာပွါးသည် တကယ်အားဖြင့် အသင့်ရောက်ကြပါစေသော်။

မြတ်နိဗ္ဗာန်ရောက် ထွန်းတောက်နေနား ဘုံတလွှားတွင် ကြုံငြားသာသနာ သုဂတိ ကောင်းဘုံလွှာ၌ (၇) ဖြာမမှား သူတော်ဥစ္စာ ရတနာများနှင့် မခြားကုံလုံ ပြည့်ဝစုံ၍ ယုံယုံမှားမှား မိစ္ဆာအားလျှင် ထင်ရှားပယ်ဖျက်နိုင်ရာ အဘိဓမ္မာ ပရိယတ္တိသာသနာကို အခါခုထက် ဆတိုးတက်လျက် မပျက်ဆောင်ထား ဖြန့်နိုင်အားဖြင့် တအားပြည့်ဝ အဘိဓမ္မာ မဟာဘာဏက ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်လှတို့ ကောင်းစွာမသွေ ဖြစ်ပါစေသော်။

ခုသော်ယခု ပြုအပ်သော ကောင်းမှုစုကို ပြုသည့်စေတနာ ကောင်းမှုမြတ်အတိုင်းသာ မခြားရစေ အမျှဝေပါတော့မည် အရှင်သူမြတ်တို့ဘုရား။

(တတိယအကြိမ်)




# ဆုတောင်းမင်္ဂလာ



**ဣမိနာ အဘိဓမ္မေန၊ ဘဝေသု အာဘိဓမ္မိကာ။**

**အဘိဂစ္ဆေမ နိဗ္ဗာနံ၊ အဘိဒဇ္ဇေမ ပတ္တိကံ။**

ဣမိနာ အဘိဓမ္မေန= အဘိဓမ္မာ ပြိုက်ရွေစာ၏ အခါတော်နေ့ ကြုံကြိုက်၍လျှင် ဇွေဝင် စုံလင် ပွဲကြီးယင်လျက် ကြည်လင်ပြုကုန် ဤလှုန်ကဲသော ကောင်းမှုအဟုန်ကြောင့်။ (မယံ အဘိဓမ္မာ ဒေသနာအား အခါရှည်မြော တည်စေသော်ဟု စိတ်စောမူလ ပဓာနဖြင့် ပို့ချ သင်ကြား နာပွားအားထုတ် အကျွန်ုပ်တို့သည်)။ ဘဝေသု= ဘဝစက်ဝိုင်း အဖြစ်တိုင်းတို့၌။ အာဘိဓမ္မိကာ= လုံ့လဆက်ဖန် ကြိုးအားသန်လျက် ဉာဏ်အဆင့်ဆင့် ရင့်ထက်ရင့်သား လင်းပွင့်ထွန်းပြောင် အဘိဓမ္မာဆောင်တို့သည်။ (ဘဝေမ=အဆစ်အဖု ထစ်မသုပဲ တောင်းဆု ကိုလုံ အဖြစ်ကောင်း ကြုံရပါလိုကုန်၏။) နိဗ္ဗာနံ= တဏှာ၏နယ်အတွင်းမှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်ကို။ အဘိဂစ္ဆေမ =မဂ်ဉာဏ်လေးခု ကျေးဇူးပြု၍ ရေးရှုမျက်မှောက် ရောက်ရပါလို ကုန်၏။ ပတ္တိကံ= ယခုပြုရ ကုသလ၏ ဘာဂသေတ္တု အဖို့အစုကို။ (ပဇာယ=လူအရပ်ရပ် နတ်နတ် တကာ ဗြဟ္မာမကြွင်း သတ္တဝါခပင်းအား။) အဘိဒဇ္ဇေမ= အကျွန်ုပ်တို့နည်းတူ ရစေဟူ၍ စင်ပြိုသာလှ သဒ္ဓါဗလဝဖြင့် ဒါနပတ္တိ အနှံ့ပြည့်အောင် ဖြန့်ချိပေးဝေကြပါကုန်စို့။



## အမျှဝေမှုအောင်ပွဲ

သောင်းစကြဝဠာ နတ်ဗြဟ္မာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်မှရည်ရော် ဟစ်ကြွေးကြော်သည်....ရှင်တော်ဗုဒ္ဓ ရွှေနှုတ်ဟလျက် ဟောပြခဲ့ရာ အဘိဓမ္မာကို အခါထိမ်းမှတ် ပွဲကြီးမြတ်ဖြင့် ရွှတ်ဖတ်သရဇ္ဈာယ ဝန်းကျင်သွယ်လျက် ကြီးကျယ်ချားလှ ပွားကြရာရာ.... ဒါန, သီလ, ဘာဝနာ ဤကောင်းမှု ကုသိုလ်အဖြာဖြာ ကြွလာပရိသတ် အရပ်ရပ်နှင့် နတ်နတ် ဗြဟ္မာ နှစ်ဖြာမိဘ ရှိသမျှကျုံးချုံ အလုံးစုံသော သတ္တဝါတို့အား မခြားထပ်တူ ရစေဟူဖြင့် ကြည်ဖြူလှုပေ အမျှဝေသည် စိတ်စေတနာ ဝမ်းမြောက်စွာလျှင် အာကာမိုးယံ ဘဝဂ်လျှံလျက် နဘံထစ်ကြိုး ကောင်းကင်မိုးသို့ ဟစ်ဖြိုးဗျာဆု အောင်သာခုကို ယခုခေါ်ကြ ပေးဝေငှသည် အမျှ....အမျှ....အမျှ....ယူတော်မူကြပါကုန်လော့။

(တတိယအကြိမ်)

# နှုတ်များပို့ရန်


**မဟာပုညာဘိသန္ဒော ဘော၊ သိဒ္ဓေါဝ နိရုပဒ္ဒဝေါ။**

**ဂစ္ဆန္တု သုဂတာ ဒေဝါ၊ မောဒန္တာ သုဋ္ဌုမာနသာ။**

ဘော=အဘိဓမ္မာ ဒေသနာကို စေတနာစိုက်စူး သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျ ရွတ်နာကြသည့် ဓမ္မမိတ်ပေါင်း အိုသူတော်ကောင်းတို့....။ မဟာပုညာဘိသန္ဒော=အဘိဓမ္မာ ဒေသနာဖြင့် မြတ်စွာဇိနေ့ာ် စိန္တေယျော်အား ပူဇော်သက္ကာရ အားသစ်ကြသည့် များလှသည်ပင် ကြီးမြတ်ဒသာ ကုသိုလ်အလျဉ်သည်။ နိရုပဒ္ဒဝေါ=ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဥပဒ်ဟူ၍ မှူမငွေ့သည်ဖြစ်၍။ သိဒ္ဓေါဝ=သူငါရွှင်ပြုံး ပီတိဖုံးလျက် နံ့ဂုံးတိုင်မြောက် အပြီးရောက်ခဲ့လေပြီ။ သုဂတာ=ကျွန်ုပ်တို့နှုတ်မြွက် ပင့်ဖိတ်ချက်ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော။ ဒေဝါ-ဒေဝါပိ=တန်ခိုးတေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ်ဗြဟ္မာ အများတို့သည်လည်း။ သုဋ္ဌုမာနသာ=လူ့ပြည်လူသား တို့မိတ်များလျှင် တရားနဂ်ခေါင် သ,လက်ဆောင်ကို အောင်နိဗ္ဗူရောက် ကျေးဇူးထောက်လျက် ချီးမြှောက်ကုန်၏ ပေးကုန်၏ဟု သတိသမ္ပဇဉ် စိတ်ကောင်းယှဉ်တော်မူကြကုန်လျက်။ မောဒန္တာ=ပြုံးတစိမ့်စိမ့် နှလုံးဖိန့်၍ နှစ်သိမ့်ဝမ်းမြောက်ကြကာ။ ဂစ္ဆန္တု=ကိုယ်စိတ်နှစ်ခြိုက် 'လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကြ မိမိတို့စံရာ ဘုံဌာနသို့ ပြန်ကြွတော်မူကြပါစေကုန်သတည်း။

---

(တတိယအကြိမ်)



ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၏

# အဘိဓမ္မာ ဓမ္မဝိမာန်တော်ကြီး

တည်ဆောက်ရေး

## အလှူခံနိုးဆော်ပန်ကြားလွှာ

**အသင်းဝင်/မဝင် စေတနာရှင် သူတော်စင်အပေါင်းတို့ခင်ဗျား။**

ဤအသင်းကြီး၏ လုပ်ငန်းရပ်များအနက် အဘိဓမ္မာအခါတော်နေ့၊ အဘိဓမ္မာစာတော်ပြန်ပွဲ၊ အဘိဓမ္မာအောင်ဆုနှင်းပွဲ စသည်များကို အခြားဓမ္မာရုံများတွင် ကျင်းပနေရပါသည်။ ဤအသင်းကြီးသည် ပြည်ထောင်စုကြီးနှင့် ဖွားဖက်တော် အသင်းကြီး ဖြစ်သည့် အလျောက် အသင်းပိုင် ဓမ္မဝိမာန်ကြီးတခု ရှိသင့်နေသည်မှာ အတန်ကြာခဲ့ပေပြီ။

ဤအသင်းကြီးအနေဖြင့် ဓမ္မဝိမာန်တခု ဖြစ်မြောက်ရေးအတွက် သင့်လျော် ကောင်းမွန်သော နေရာတခုကိုရှာ၍ ဆောက်လုပ်ရန် အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ထားခဲ့ပါသည်။

(၃၁-၃-၇၅)နေ့အထိ အလှူခံရရှိသော ဓမ္မဝိမာန် ရန်ပုံငွေမှာ ၁၇၈၄၀၇ ကျပ် ၀၈ ပြား ဖြစ်ပါသည်။

ဓမ္မဝိမာန်အတွက် အလှူခံဖြတ်ပိုင်း စာအုပ်များ မပို့ပါ။ ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရင်းနီးရာ စေတနာရှင် အလှူရှင်များထံမှဖြစ်စေ အတတ်နိုင်ဆုံး ကြိုးစားကောက်ခံ၍ ဂုဏ်ယူဘွယ်ရာ အသင်းပိုင် ဓမ္မဝိမာန်တော်ကြီး ခန့်ညားထည်ဝါစွာ ပြီးစီး အောင်မြင်သည့်အထိ အင်တိုက် အားကိုက် ဝိုင်းဝန်းကူညီ လှူဒါန်းကောက်ခံပေးကြပါရန် အထူးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
အဘိဓမ္မာပြန့်ပွားရေးအသင်း
ရန်ကုန်မြို့။
ဖုံး-၀၁/၇၈၄၅၇

(တတိယအကြိမ်)

### အဘိဓမ္မာ (၇) ကျမ်း အာဂုံ၊ သဘော ရေးဖြေ
### အဘိဓမ္မာစာတော်ပြန်ပွဲကြီးအတွက်

# ထာဝရပင်မ ငွေပဒေသာရန်ပုံငွေ

## အလှူခံနှိုးဆော်စာ

အဘိဓမ္မာစာတော်ပြန်ပွဲကြီးကို ၁၃၂၉-ခုနှစ်မှ စတင်ကျင်းပခဲ့ရာ (၁၉) ကြိမ်တိုင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ စာတော်ပြန်ပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် နှစ်စဉ် အလှူရှင်များထံ ယိုက်လံနှိုးဆော်ကာ အလှူငွေများ ကောက်ခံခဲ့ပါသည်။ ဤသို့ နှစ်စဉ် ဆောင်ရွက်နေရခြင်းအတွက် စာတော်ပြန်ပွဲကြီး အမွန့်ရှည်စွာ တည်တံ့နိုင်ရေးမှာ စိတ်မအေးစရာ ဖြစ်သည်ကို သတိပြုမိကြပါသည်။

၁၃၃၈·ခု၊ တပေါင်းလပြည့်ကျော် ၁-ရက် (၄-၃-၇၇) နေ့တွင် အဘိဓမ္မာ ပြန့်ပွားရေးအသင်းတိုက်၌ ဩဂါဒါစရိယ မဟာထေရ်မြတ်ကြီးတို့အား အသင်းဝင် အပေါင်းတို့က နှစ်စဉ်နှစ်တိုင်းကဲ့သို့ ပူဇော်ကန်တော့ကြပါသည်။ ထိုပူဇော်ပွဲတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ်က ကျန်ဆရာတော်ကြီးများ၏ သမ္မုတိကိုခံယူပြီး အဘိဓမ္မာစာတော်ပြန်ပွဲကြီးကို ယခု ဆရာတပည့်တို့ လက်ထက်မှစ၍ အဆက်ဆက်သော နောင်လာ နောက်သား ဆရာတပည့်လက်ထက်တိုင် မပျက်မကွက် ဆက်လက်ကျင်းပနိုင်ရေးအတွက် "အဘိဓမ္မာစာတော်ပွဲ ငွေပဒေသာရန်ပုံငွေ" စိုက်ထူရန် ဩဝါဒပေးချက်အရ အဘိဓမ္မာစာတော်ပြန်ပွဲ ရန်ပုံငွေ ပဒေသာပင်ကြီးကို စိုက်ထူခဲ့ရာ (၃၁-၃-၈၅) နေ့အထိ ၂၉၉၇၈၈ ကျပ်၊ ၉၀-ပြား ရရှိခဲ့ပြီး ဖြစ်ပါသည်။

အဘိဓမ္မာစာတော်ပြန်ပွဲကြီးမှာလည်း နှစ်စဉ်စာပြန်ပွဲဝင်တော်မူကြသော သံဃာတော်များ၊သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တနှစ်ထက်တနှစ် တိုးတက်များပြားလာရာ သဒ္ဓါရှင်လန်းဝမ်းသာအားရဖွယ်ပင် ဖြစ်ပါသည်။

ယခုတိုးတက်လာသည့်အတိုင်းအတာအရ ဆွမ်းကွမ်း ဝေယျာဝစ္စသုံးစွဲရန်နှင့် စာအောင်ဆုများ ချီးမြှင့်ပူဇော်ရန်အတွက် သုံးစွဲရန် ကျပ် ၅၀၀၀၀/-ကျော် ခန့်မှန်းရပါသဖြင့် ပင်မငွေပဒေသာရန်ပုံငွေ အနည်းဆုံး ကျပ် (၆) သိန်းခန့် လိုအပ်လျက်ရှိပါသည်။

သို့ပါ၍ အသင်းသူ အသင်းသားများနှင့် စေတနာရှင် အပေါင်းတို့အား ပရိယတ္တိသာသနာတော်ကြီး မကွယ်ပစေရန် အဘိဓမ္မာသာသနာ အမွန့်ရှည်စွာ တည်တံ့နိုင်ရေး ရှေးရှုအားပေးသောအားဖြင့် မိမိတို့စွမ်းပကားအလျောက် တလုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ထည့်ဝင် လှူဒါန်းကြပါရန် အတူး တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ရန်ကုန်မြို့။
ဖုံး-၀၁/၇၀၄၅၇

(တတိယအကြိမ်)

# အဘိဓမ္မာ စာသင်သားများအတွက် အထူးလျှော့နှုန်း

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ

မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာရဒ မဟာထေရ် ပို့ချခဲ့သည့်

## အဘိဓမ္မာ အသံဖမ်း ပို့ချစဉ်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | ပဋ္ဌာန်း ပါဠိရင်း | | .... ၂၅-ကျပ် |
| ၂။ | မာတိကာ၊ ဓာတုကထာ ပါဠိရင်း | | .... ၁၀ ။ |
| ၃။ | ပဋ္ဌာန်း ဆဝါရ ဝိဘင်္ဂ | (အသံဖမ်းပို့ချစဉ်) | .... ၂၀ ။ |
| ၄။ | ပဋ္ဌာန်း ဆဝါရ သင်္ချာ | ( ။ ) | .... ၂၅ ။ |
| ၅။ | ပဋ္ဌာန်း ပဥ္စဝါရ ဝိဘင်္ဂ | ( ။ ) | (ပုံနှိပ်ဆဲ) |
| ၆။ | ပဋ္ဌာန်း ပဥ္စဝါရ သင်္ချာ | (ပထမပိုင်း) | .... ၂၅ ။ |
| | ။ | (ဒုတိယပိုင်း) | .... ၁၈ ။ |
| ၇။ | ပဋ္ဌာန်း ပစ္စယ နိဒ္ဒေသ | (အသံဖမ်းပို့ချစဉ်) | .... ၅ ။ |
| ၈။ | သင်္ခါရ ယမက | ( ။ ) | .... ၂၀ ။ |
| ၉။ | သစ္စ ယမက | ( ။ ) | .... ၂၀ ။ |

၅-အုပ်နှင့်အထက် ဝယ်သူများအား ၂၀%နှုန်း လျှော့နှုန်းပေးပါသည်။ နယ်မှ အလိုရှိသူများ ငွေကြိုတင်ပေးပို့၍ မှာကြားနိုင်ပါသည်။ အိမ်အရောက် ပေးပို့ပါမည်။

**V.P.P.** ဖြင့် မပို့ပါ။

အောက်ပါဌာနတွင် ရနိုင်ပါသည်။

**အဘိဓမ္မာပြန့်ပွားရေးအသင်း**

ဆူးလေစေတီတော် (အနောက်ဘက်မုခ်)

ရန်ကုန်မြို့။

ဖုန်း ၀၁/၇၀၄၅၇။

(တတိယအကြိမ်)

# အဘိဓမ္မာ
# အခါတော်နေ့

အဘိဓမ္မာတရားတော်ကို

၁။ ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအား အမှူးထား၍ စကြာဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား၊ ဝါတွင်း သုံးလပတ်လုံး အကျယ်ဟောကြားပြီးဆုံးတော်မူသည်မှာ သီတင်းကျွတ်လပြည့်နေ့။

၂။ စန္ဒကူးတော၌၊ ရှင်သာရိပုတ္တရာအား အကျဉ်းသခေ်ပနည်းဖြင့်ဟောကြား ပြီးဆုံးတော်မူသည်မှာလည်း သီတင်းကျွတ်လပြည့်နေ့။

၃။ ရှင်သာရိပုတ္တရာက၊ တပည့်ရဟန်း ငါးရာအား၊ မကျဉ်းမကျယ် ဟောကြား ပြီးဆုံးတော်မူသည်မှာလည်း သီတင်းကျွတ်လပြည့်နေ့။

သို့ပါသောကြောင့် "သီတင်းကျွတ်လပြည့်နေ့" ကို အဘိဓမ္မာ အခါတော်နေ့အဖြစ် သတ်မှတ်ကာ ကောဇာ ၁၃၁၁၊ (ခရစ် ၁၉၄၉) မှစ၍ နှစ်စဉ် ကျင်းပပူဇော်လျက် ရှိပါသည်။

အဘိဓမ္မာပြန့်ပွားရေးအသင်း၊
ရန်ကုန်မြို့။

၂၉